စက်မှုဝန်ကြီးဌာနမှထုတ်ဝေသည်။

# ရွှေစက်မှုဂျာနယ်

The Golden Industrial Journal

အတွဲ ၇ ၊ အမှတ် ၁၂ ၊ ၂၀၁၄ ခုနှစ် ၊ ဇူလိုင်လ





- အမှတ် (၃) ဆေးဝါးစက်ရုံ (ရန်ကုန်) သည် ငှက်ဖျားရောဂါကာကွယ်ဆေး၊ မြွေဆိပ်ဖြေဆေးအပြင်အခြားသော ရောဂါအမျိုးမျိုးတို့အတွက် ကာကွယ်ကုသဆေးများကို နိုင်ငံတကာအဆင့်မီ GMP စံနှုန်းများနှင့်အညီ ထုတ်လုပ်ပေးလျက်ရှိ ။
- ပြင်ဦးလွင်မြို့ ပွေးတောင်နှင့် ပွဲကောက်ရွာအနီး၊ ပွဲကောက်စိုက်ကွင်းတို့၌ ငှက်ဖျားရောဂါကာကွယ်ဆေးထုတ်ယူရာတွင် အဓိကအသုံးဝင်သော အာတီမီစီး ယားဆေးပင် ၂ ဧကမျိုးထိန်းစိုက်ပျိုးထား ရှိပြီး ပြင်ပစာအစေ့ထုတ်ပြောင်း ဧက ၁၀၀ စိုက်ပျိုးထား စာမျက်နှာ ၃ သို့ –

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် GIZ အဖွဲ့အားလက်ခံတွေ့ဆုံ

စာမျက်နှာ ၁၉ သို့ –



ဝိရောဓိတွေ ဖယ်ကာရှားမယ်
စာ – ၄ ဒေး(မြ)

ဘဝအလှ ဘယ်လိုဆင်မလဲ
စာ – ၁၃ စပ်အားကူ (ချယ်ရီမြေ)

## အမှတ် (၁၁) အကြီးစားစက်ရုံ (ရန်ကုန်) မှ ကွန်တိန်နာဖော်တော်ယာဉ်များထုတ်လုပ်

စာမျက်နှာ ၁၉ သို့ –

ပန်းကန့်လန့်ကာအဖွင့်
စာ – ၁၆ ကျောက်ရိုင်း

# စက်မှုဝန်ကြီး ဦးမောင်မြင့်

# အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း)နှင့် အမှတ် (၃၆) အကြီးစားစက်ရုံ မှန်ထုတ်လုပ်ရေးဌာန (ပုသိမ်) တို့ကို ကြည့်ရှုစစ်ဆေး

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဇွန်လ ၁၃ ရက်နေ့ နံနက် ၉ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၊ လှေကြီးတက်ကျေးရွာရှိ အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) သို့ရောက်ရှိသည်။ စက်ရုံတွင် စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ စက်ရုံမှူးနှင့်တာဝန်ရှိသူများနှင့်အတူ စက္ကူထုတ်လုပ်ရန်အတွက် Fibre Length ကောင်းမွန်ပြီး အီတလီ၊ တရုတ်နှင့်အိန္ဒိယနိုင်ငံတို့၌စိုက်ပျိုးဖြစ်ထွန်းနေသည့် အီတလီနိုင်ငံမှ Poplar မျိုးစေ့အား စက်မှုကုန်ကြမ်းအဖြစ် မြန်မာပြည်ရာသီဥတုနှင့် ကိုက်ညီမှုရှိ/မရှိ စမ်းသပ်ပျိုးထောင်စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးအား ရှင်းလင်းဆောင်တွင် စက်ရုံမှူးမှအဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ စက်ရုံကို Double A (1991) Public Co., သို့ငှားရမ်းနိုင်ရေးအတွက် ဆောင်ရွက်မှုအခြေအနေများနှင့် တစ်နေ့တန် ၆၀ သတင်းစာစက္ကူစက်ရုံ (စီမံကိန်း) လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတကြီး၏လမ်းညွှန်ချက်နှင့်အညီ တတိယအဆင့်အရှိန်အဟုန်မြှင့်တင်မှု လုပ်ငန်းစဉ်များတွင် စိတ်ပါလက်ပါကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်းနှင့် ပြောင်းလဲလာသောနိုင်ငံရေး၊ စီးပွားရေးအခြေအနေများအရ လုပ်ငန်း၊ စက်ရုံနှင့် စီမံကိန်းများမှ တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင်လည်းကောင်း၊ ပြည်တွင်း/ပြည်ပကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင်လည်းကောင်း၊ ပွင့်လင်းမြင်သာစွာဖြင့် အမျိုးသားအကျိုးစီးပွားကာကွယ်စောင့်ရှောက်ကြရန် အရေးကြီးကြောင်း တို့ကို လမ်းညွှန်ပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် အမှတ် (၃၆) အကြီးစားစက်ရုံ မှန်ထုတ်လုပ်ရေးဌာန (ပုသိမ်) သို့ရောက်ရှိရာ အစည်းအဝေးခန်းမ၌ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ စက်ရုံမှူးနှင့် ဝန်ထမ်းများအားတွေ့ဆုံသည်။ ပြည်ထောင်စုဝန်ကြီးမှ မှန်ရည်ကျိုမီးဖိုကြီးအား ဝန်ထမ်းများ၏ ကာယ၊ ဉာဏစွမ်းအားများဖြင့် စည်းလုံးညီညွတ်စွာ ပြန်လည်တည်ဆောက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ သဘာဝဓာတ်ငွေ့ရရှိသည်နှင့်မှန်များထုတ်လုပ်နိုင်ရေး ကုန်ကြမ်းနှင့်လိုအပ်သည်များပြင်ဆင်ထားရှိရန်လိုအပ်ကြောင်း၊ စက်များကို အပိုင်းလိုက်စမ်းသပ်လည်ပတ်ထားရှိရန်လိုအပ်ကြောင်း၊ ပြည်ပမှ တင်သွင်းလာသောမှန်များနှင့် အရည်အသွေးရောဈေးနှုန်းပါ ယှဉ်ပြိုင်နိုင်ရေးအတွက် ထုတ်လုပ်မှုစရိတ်လျှော့ချနိုင်ရေး အလေအလွင့်အနည်းဆုံးနှင့် ခြိုးခြံချွေတာဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အရည်အသွေး ကောင်းမှန်များနှင့် Colour မှန်များထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ထွက်ရှိသောမှန်များ ကုန်စင်အောင် ရောင်းချနိုင်ရေး၊ ထုတ်လုပ်မှုနှင့် ရောင်းချမှုဟန်ချက်ညီအောင် စီမံဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ လုပ်ငန်းများအောင်မြင်စေရေးအတွက် ဦးဆောင်ညွှန်ကြားရေးမှူး၊ စက်ရုံမှူးနှင့်တာဝန်ရှိသူဝန်ထမ်းများအားလုံးတက်ညီလက်ညီဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်တို့ကို လမ်းညွှန်မှာကြားပြီး၊ အသစ်ပြင်ဆင်တည်ဆောက်ထားသည့် မှန်ရည်ကျိုမီးဖိုကြီးအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် မလေးရှားညှေ့အဖွဲ့အား လက်ခံတွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် မလေးရှားနိုင်ငံ၊ Wah Seong Boustead Co., Ltd မှ Executive Officer Mr.Bernard Pe Win ဦးဆောင်သောအဖွဲ့အား ဇွန်လ ၁၀ ရက်နေ့ နံနက် ၁၁ နာရီတွင် ဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် စက်မှုဝန်ကြီးဌာနနှင့်ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စများ၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများအား ချေးငွေများထုတ်ချေးပေးနိုင်ရန်အတွက် SMIDB နှင့်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ဆွေးနွေးပွဲသို့ တာဝန်ရှိသူများတက်ရောက်ကြကြောင်းသတင်းရရှိသည်။

# အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စက်ရုံအဆောက်အအုံများ ၈၃ ရာခိုင်နှုန်းခန့်ပြီးစီးနေ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဇွန်လ ၁၅ ရက်နေ့ နေ့လယ် ၂ နာရီတွင် ရှမ်းပြည်နယ်တောင်ကြီးမြို့နယ် ပင်းပက်ဒေသရှိ အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ စက်ရုံမှူးနှင့်တာဝန်ရှိသူများက စက်ရုံနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စီမံကိန်းလုပ်ငန်းများ သတ်မှတ်လျာထားချက်ထက် ကြိုတင်ပြီးစီးရေး၊ ထုတ်ကုန်များ သတ်မှတ်စံချိန်စံညွှန်းအတိုင်း အရည်အသွေးပြည့်မီစွာရရှိရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းအောင် ဦးစားပေးဆောင်ရွက်ရေး၊ ဒေသခံများအား အလုပ်အကိုင်ခန့်ထားပေးနိုင်ရေးတို့ကို မှာကြားပြီး သံသတ္တုရိုင်းများ ပဏာမကြိတ်ခွဲသန့်စင်ခြင်း အလုပ်ရုံတည်ဆောက်ပြီးစီးမှု၊ သံသတ္တုရိုင်းများအချောသပ် ကြိတ်ခွဲသန့်စင်ခြင်းအလုပ်ရုံတွင် စက်များစမ်းသပ်လည်ပတ်နေမှု၊ သံစိမ်းထုတ်လုပ်မည့် အဓိကအလုပ်ရုံများ တည်ဆောက်ပြီးစီးမှု၊ သံသတ္တုရိုင်းများအချောသပ် ကြိတ်ခွဲသန့်စင်ခြင်းအလုပ်ရုံတွင် စက်များစမ်းသပ်လည်ပတ်နေမှု၊ သံစိမ်းထုတ်လုပ်မည့် အဓိကအလုပ်ရုံများ တည်ဆောက်ပြီးစီးမှု၊ Main Step Down Station နှင့် Heat Recovery Power Station တည်ဆောက်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်)ကို အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) အတွက်လိုအပ်သည့် အဓိကကုန်ကြမ်းဖြစ်သော သံစိမ်း (Pig Iron) ထုတ်လုပ်နိုင်ရန် ရည်ရွယ်တည်ဆောက်ခဲ့ရာ စက်ရုံအဆောက်အအုံများ ၈၃ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ပြီး စက်နှင့်စက်ပစ္စည်းများကိုလည်း တပ်ဆင်ဆောင်ရွက်လျက်ရှိသည်။

စီမံကိန်းပြီးစီးပါက အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) အတွက် တစ်နှစ်လျှင် သံစိမ်း (Pig Iron) တန်ချိန် ၂၀၀,၀၀၀ ကိုလည်းကောင်း၊ Direct Reduction Plant တွင် အသုံးပြုနိုင်သည့် Hematite သံရိုင်း တန်ချိန် ၄၅၀,၀၀၀ ကိုလည်းကောင်း၊ ဘိလပ်မြေထုတ်လုပ်ရာတွင် လိုအပ်သည့် ဂေါ်တန်ကျောက်များအား အစားထိုးအသုံးပြုနိုင်သည့် Granulated Slag တန်ချိန် ၂၈၆,၀၀၀ ကိုလည်းကောင်း၊ သံရည်ကျိုမီးဖိုများမှထွက်ရှိသည့် စွန့်ပစ်အပူ (Flue Gas) ဖြင့် တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ၄၂၄ ကီလိုဝပ်နာရီသန်းပေါင်းကိုလည်းကောင်း ထုတ်လုပ်သွားနိုင်မည်ဖြစ်သည်။

သံရိုင်းမှ သံစိမ်းအဖြစ်ထုတ်လုပ်သည့်နည်းစဉ်များတွင် Romelt Process သည် စီးပွားရေးအရသင့်လျော်ပြီး သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုနည်းပါးသည့်နည်းစဉ်တစ်ခုဖြစ်ကြောင်းနှင့် လိုအပ်သည့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုဆိုင်ရာ အဆင့်မြင့်အစီအစဉ်များလည်း ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**မျက်နှာဖုံးမှ -**

နိုင်ငံတော်အစိုးရအဖွဲ့အနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးစသည့်ကဏ္ဍများစွာ၌ ပြုပြင်ပြောင်းလဲမှု (Reform) များ ဆောင်ရွက်လျက်ရှိရာ စီးပွားရေးပြုပြင်ပြောင်းလဲမှု၌ အသေးစားနှင့် အလတ်စား လုပ်ငန်းများမြှင့်တင်ပေးခြင်း၊ ငွေကြေးနှင့် နည်းပညာအကူအညီများ ဖြည့်ဆည်းပေးခြင်း၊ နိုင်ငံတော်ပိုင်စက်ရုံ၊ အလုပ်ရုံများ အားလုပ်ကိုင်နိုင်စွမ်းရှိသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ လွှဲပြောင်းပေးခြင်း၊ အငှားချထားခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းများဖြင့် ပုဂ္ဂလိကအခန်းကဏ္ဍကို မြှင့်တင်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာ၌ စက်မှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ စက်ရုံအလုပ်ရုံများလည်းပါဝင်ပေရာ စက်မှုဝန်ကြီးဌာနအနေဖြင့် ပွဲပြီးမီးသေမဟုတ်ဘဲ တာဝန်ယူမှု၊ တာဝန်သိမှုရှိသည့်အလျောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါပုဂ္ဂလိကသို့ ငှားရမ်းခဲ့သည့်စက်ရုံ၊ အလုပ်ရုံများသို့ အခါအားလျော်စွာ လှည့်လည်သွားရောက်၍ ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးကြည့်ရှုပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဝန်ထမ်းများ၏အခက်အခဲနှင့် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန်လ ၁၆ ရက်နေ့ နေ့လယ် ၁ နာရီခွဲတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ထားဝယ်ရပ်ရှိ တော်ဝင်ဟိန်းကုမ္ပဏီသို့ငှားရမ်းထားသောဆပ်ပြာစက်ရုံ (မန္တလေး) ရှိ စက်ရုံဧည့်ခန်းဆောင်သို့ရောက်ရှိရာ တော်ဝင်ဟိန်းကုမ္ပဏီမှ ဒေါ်အေးအေးလွင်က စက်ရုံအားအငှားစနစ်ဖြင့် ငှားရမ်းဆောင်ရွက်ခဲ့မှုအခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်အသစ်များ ဝယ်ယူဖြည့်တင်းတပ်ဆင်ထားမှု၊ မူလစက်များကြံ့ခိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ဘဏ္ဍာငွေသုံးစွဲမှု အခြေအနေ၊ စက်ရုံ၏အဓိကလောင်စာမီးထိုးဆီရရှိမှုအခြေအနေနှင့်လွှဲပြောင်းစဉ် ကုန်ကျန်များအခြေအနေ၊ စက်ရုံထုတ်ကုန်များအား ပြည်ပသို့စမ်းသပ်တင်ပို့မှုအခြေအနေ၊ ဝန်ထမ်းများအားကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများပို့ချပေးရန် စီစဉ်ဆောင်ရွက်နေမှုနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရသစ်အနေဖြင့် ပုဂ္ဂလိကအခန်းကဏ္ဍကို မြှင့်တင်ပေးခြင်းအပါအဝင် စီးပွားရေးပြုပြင်ပြောင်းလဲမှုများဆောင်ရွက်နေရာ အစိုးရ၏အခန်းကဏ္ဍကို တဖြည်းဖြည်းလျှော့ချ၍ရေရှည်တွင် ပုဂ္ဂလိကဘက်မှကိုယ့်လက်ကိုယ့်ခြေပေါ် ရပ်တည်သွားနိုင်ရေး မျှော်မှန်းဆောင်ရွက်သွားစေလိုကြောင်း၊ ဈေးကွက်ယှဉ်ပြိုင်မှုများရှိ၍ လတ်တလော အခက်အခဲများ ကြုံတွေ့ရနိုင်သော်လည်း ရေရှည်အကျိုးအတွက် အားလုံးက တက်ညီလက်ညီကြိုးပမ်းသွားကြရမှာဖြစ်ကြောင်း၊ မိမိအနေဖြင့်ဖြေရှင်းပေးနိုင်သည်များကို ဖြေရှင်းပေးသွားမှာဖြစ်ပြီး လိုအပ်ပါက အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း အားပေးစကားပြောကြားပြီး စက်ရုံအတွင်း ထုတ်လုပ်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံမှဝန်ထမ်းများအား ရင်းနှီးစွာနှုတ်ဆက်အားပေးပြီး ဝန်ကြီးဌာန-ဝန်ထမ်း-ပုဂ္ဂလိကတို့ သုံးဦးသုံးဖလှယ်အကျိုးရှိစေရေး တက်ညီလက်ညီ ကြိုးစားကြစေလိုကြောင်း၊ ဝန်ထမ်းများ၏အခက်အခဲနှင့် လိုအပ်ချက်များကို မျှတစွာဆောင်ရွက်ပေးနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် စက်ရုံမှ ဆက်လက်ဆောင်ရွက်သွားမည့် အနာဂတ်အစီအစဉ်များအတွက် အသင့်ဖြစ်နေကြဖို့လိုကြောင်း၊ အစိုးရ-ပုဂ္ဂလိကမခွဲဘဲ နိုင်ငံတော်အတွက် ပြည်သူ့ဝန်ထမ်းကောင်းပီပီ စေတနာထား ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းအားပေးမှာကြားသည်။

စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ဆပ်ပြာစက်ရုံ (မန္တလေး) ကို တော်ဝင်ဟိန်းကုမ္ပဏီသို့ ၂၀၁၂ ခုနှစ်၊ မတ်လမှစ၍ ၅ နှစ်သက်တမ်းဖြင့် အငှားချထားခဲ့ပြီး သက်တမ်းတိုးမြှင့်လုပ်ကိုင်ခွင့်ရရှိရေး စီမံဆောင်ရွက်လျက်ရှိသည်။ အဆိုပါစက်ရုံအနေဖြင့် ယခုအခါဝန်ထမ်းအဆိုင်း ၄ ဆိုင်းဖြင့် MSW ရွှေဝါဆပ်ပြာ၊ SSW ရွှေဝါဆပ်ပြာနှင့် ကာဘော်လစ်ဆပ်ပြာများကို ဈေးကွက်အတွင်းဖြန့်ဖြူးလျက်ရှိကြောင်းသိရသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း အမှတ် (၁) ဆေးဝါးစက်ရုံ (ရန်ကုန်) ၏ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ မန္တလေး-ပြင်ဦးလွင်ကားလမ်းဘေး မိုင်တိုင်အမှတ် (၃၉) အနီးရှိ ပွေးတောင်ဆေးဝါးကုန်ကြမ်းစိုက်ကွင်းသို့ရောက်ရှိ၍ ဗီယက်နမ်မျိုး အာတီမီစီးယားဆေးပင်တစ်ဧက မျိုးထိန်းစိုက်ပျိုးထားရှိမှုနှင့် မြေဆိပ်ဖြေဆေးထုတ်ယူနိုင်ရန် မွေးမြူထားသည့်မြင်းများအတွက် အစာအစေ့ထုတ်ပြောင်း စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အပင်များရေရှည်ရှင်သန်ရေး၊ ထိရောက်စွာထုတ်ယူအသုံးပြုနိုင်ရေး လိုအပ်သည်များကိုမှာကြားသည်။

မြန်မာနိုင်ငံ၌ ငှက်ဖျားရောဂါသည် အဖြစ်အများဆုံးရောဂါများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး အချိန်၊ နေရာ၊ ဒေသမရွေး၊ အရွယ်မရွေးဖြစ်ပွားတတ်ရာ အမှတ် (၁) ဆေးဝါးစက်ရုံ (ရန်ကုန်) သည် ငှက်ဖျားရောဂါကာကွယ်ဆေး၊ မြွေဆိပ်ဖြေဆေးအပြင် အခြားသောရောဂါအမျိုးမျိုးတို့အတွက် ကာကွယ်ကုသဆေးများကို နိုင်ငံတကာအဆင့်မီ GMP စံနှုန်းများနှင့်အညီ ထုတ်လုပ်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာ၌ ဆေးဝါးကုန်ကြမ်းများကို ပြည်တွင်း၌ထုတ်ယူရရှိရေး စီမံဆောင်ရွက်လျက်ရှိရာ ပြင်ဦးလွင်မြို့ ပွေးတောင်နှင့်ပွဲကောက်ရွာအနီး၊ ပွဲကောက်စိုက်ကွင်းတို့၌ ငှက်ဖျားရောဂါကာကွယ်ဆေးထုတ်ယူရာတွင် အဓိကအသုံးဝင်သော အာတီမီစီးယားဆေးပင် ၂ ဧကမျိုးထိန်းစိုက်ပျိုးထားရှိပြီး မြင်းစာအစေ့ထုတ်ပြောင်း ဧက ၁၀၀ စိုက်ပျိုးထားရှိကြောင်းသိရသည်။

ကောင်း၊ မြန်မာ့ဂါးစိမ်းကုမ္ပဏီမှ ဒေါ်သန်းသန်းအေးက စက်ရုံငှားရမ်းအသုံးချမှုနှင့် ရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ မီးထိုးဆီအခက်အခဲကြောင့် ကျောက်မီးသွေးသုံးဘွိုင်လာ (Water Tube) ဝယ်ယူတပ်ဆင်ပြီး ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေ၊ အနာဂတ်တွင် ဆပ်ပြာမှုန့်၊ ဆပ်ပြာခရင်နှင့် ခေါင်းလျှော်ရည်ကဲ့သို့သော ဆက်စပ်ထုတ်ကုန်များထုတ်လုပ်သွားရန် စီစဉ်ထားရှိမှုနှင့် စက်ရုံငှားရမ်းခွင့်ကာလ တိုးမြှင့်ရယူလိုမှုတို့ကိုလည်း ကောင်းအသီးသီးရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက စက်ရုံအနေဖြင့် လွှဲပြောင်းလက်ခံပြီးနောက် ထုတ်လုပ်မှုလုပ်ငန်းများကို ပြည်တွင်းဖြစ်စက်များအားဖြင့် ဆောင်ရွက်နိုင်ခြင်းဖြစ်၍ ဂုဏ်ယူဖွယ်ဖြစ်ကြောင်း၊ ထုတ်ကုန်များအား ပြည်တွင်းဈေးကွက်သာမက ပြည်ပသို့ပါထိုးဖောက်နိုင်ရေး ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ အစိုးရ၏အခန်းကဏ္ဍလျှော့ချ၍ ပုဂ္ဂလိကကဏ္ဍကိုမြှင့်တင်နေခြင်းဖြစ်ရာ အလုပ်ရှင်-အလုပ်သမားဆက်ဆံရေးကို ခိုင်မာစွာတည်ဆောက်ထားကြရမှာဖြစ်ကြောင်း၊ ကြုံတွေ့ရသည့် အခက်အခဲများကို စိတ်ပျက်အားလျှော့မှုမဖြစ်ဘဲ တက်ညီလက်ညီဖြင့် ကျော်ဖြတ်သွားနိုင်ကြရမှာဖြစ်ကြောင်း၊ တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် ဝန်ထမ်းများနှင့်နီးကပ်စွာထိတွေ့ဆက်ဆံပြီး လုပ်ငန်းများယခုထက် ပိုမိုအောင်မြင်မှုရရှိအောင် ဆောင်ရွက်သွားကြစေလိုကြောင်း အားပေးတိုက်တွန်းပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးသည် ဇွန်လ ၁၇ ရက်နေ့ နံနက် ၁၀ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၊ ရွှေဒါးရွာအနီးရှိ မြန်မာ့ဂါးစိမ်းကုမ္ပဏီသို့ ငှားရမ်းထားသော ဆပ်ပြာစက်ရုံခွဲ (ရမည်းသင်း) သို့ရောက်ရှိပြီး စက်ရုံအတွင်းထုတ်လုပ်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးအား စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူး ဦးအောင်မိုးနိုင်က စက်ရုံဆိုင်ရာအချက်အလက်များ၊ ကုန်ထုတ်နိုင်စွမ်းနှင့်ကုန်ထုတ်လုပ်မှုအခြေအနေများ၊ ကုန်ကြမ်းရရှိမှုနှင့် ကုန်ချောထုတ်လုပ်ရောင်းချမှု အခြေအနေများ၊ ဝန်ထမ်းရေးရာကိစ္စများကိုလည်း

ဆပ်ပြာစက်ရုံခွဲ (ရမည်းသင်း) ကို ၂၀၁၂ ခုနှစ်၊ ဇွန်လမှစ၍ မြန်မာ့ဂါးစိမ်းကုမ္ပဏီသို့ ၅ နှစ်သက်တမ်းဖြင့် ငှားရမ်းလုပ်ကိုင်ခွင့်ပြုခဲ့ပြီး ယခုအခါလုပ်သားအဆိုင်း ၃ ဆိုင်းဖြင့် GSW ရွှေဝါဆပ်ပြာများ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။

# ဝိရောဓိတွေ ဖယ်ကျော်ရှားမယ်




အေးဖြူ

သာလွန်အင်္ဂလိပ်-မြန်မာအဘိဓာန်မှာ အင်္ဂလိပ်စာလုံး 'conflict' ရဲ့အဓိပ္ပာယ်အနေနဲ့ ဆန့်ကျင်တဲ့အခြေအနေ၊ တိုက်ခိုက်မှု၊ ရုန်းကန်မှု၊ ဆန့်ကျင်ဖက်စိတ်ဝင်စားမှုများ ဝိရောဓိဖြစ်ခြင်းလို့ဖော်ပြထားတယ်။ အမှန်တော့ conflict ဆိုရင် အတိုဆုံးဝိရောဓိလို့ နားလည်ထားကြပါတယ်။ လူဆိုတာကသက်ရှိတွေအားလုံးမှာ သဘာဝတရားကို တုန့်ပြန်ရင်ဆိုင်အောင်နိုင်ဖို့ ကြိုးပမ်းတဲ့သူ၊ အသိဉာဏ်အရှိဆုံးနဲ့ လောကကြီးကိုအဆိုးအကောင်းရှုပ်ထွေးမှုတွေ အများဆုံးဖန်တီးနိုင်တဲ့သူပဲ။ ဒီထဲမှာမှ လူတစ်ဦးချင်း ဖြစ်ပျက်ကြုံတွေ့ရတာတွေနဲ့ မိသားစုပတ်ဝန်းကျင်အခြေအနေတွေအပေါ် မူတည်လို့ အတွေးအခေါ် အယူအဆ ခံယူချက်သဘောတရားစတာတွေက လူတွေကိုကွဲပြားသွားစေတယ်။ မတူတာတွေ၊ ကွဲလွဲတာတွေရှိပြီဆိုတာနဲ့ conflict ဆိုတဲ့ ဝိရောဓိကလိုက်လာတော့မှာလေ။ လူတစ်ယောက်တည်းမှာကိုပဲ အတွင်းစိတ်က အကောင်းအဆိုး အားပြိုင်ရင်းနဲ့စိတ်ရောဂါဆိုင်ရာ ခံစားမှုတွေဖြစ်ပေါ်တတ်ကြတယ်ဆိုတာ ကြားဖူးဖတ်ဖူးကြမယ်။

ရင်းနှီးတဲ့သူငယ်ချင်းမိတ်ဆွေ အမျိုးသမီးတစ်ယောက်ကတော့ ငယ်စဉ်ကလေးဘဝကစပြီး မိသားစုရဲ့ သွန်သင်မှုမှာပဋိပက္ခ၊ ဝိရောဓိမဖြစ်အောင်နေရမယ်ဆိုတဲ့ လမ်းညွှန်ချက်အတိုင်း တစ်သဝေမတိမ်းလိုက်နာခဲ့တာ ကျောင်းသူဘဝမှာရော၊ အလုပ်ဌာနအတွင်းမှာရော အစစအရာရာ အဆင်ချောတယ်လို့ဆိုတယ်။ အင်္ဂလိပ်လိုတော့ 'in harmony with others' လို့ဆိုရမှာပေါ့။ ဝိရောဓိဖြစ်လာတာနဲ့ မကျေနပ်တာတွေ၊ သဘောမကျတာတွေ ဖြစ်လာတော့မှာလေ။ ဒါကြောင့် conflict ဖြစ်မလာရအောင် လူတွေနဲ့ဆက်ဆံရေးမှာ ထိပ်တိုက်မတွေ့အောင် အစဉ်တစိုက်ကြိုးပမ်းနေခဲ့တယ်လို့ဆိုပါတယ်။ ဒါကတော့မနှစ်ကအထိ သူမ ပြောခဲ့တဲ့စကားပါ။ လုပ်သက်နဲ့ အရည်အချင်းပြည့်မီလို့ သူ့ဌာနမှာ ဌာနကြီးမှူးရာထူးအဆင့်တိုးပြီးတဲ့နောက် သူ့အမြင်တွေပြောင်းသွားခဲ့ပြီလို့ပြောတယ်။

'လက်အောက်ဝန်ထမ်းများအပေါ် အုပ်ချုပ်ကွပ်ကဲစီမံခန့်ခွဲရတဲ့နေရာမှာတော့ လူတိုင်းနဲ့သဟဇာတဖြစ်အောင်၊ လူတိုင်းသဘောကျ harmony ဖြစ်အောင်နေလို့မရတော့ဘူး။ တို့ခံယူချက်ကို ပြောင်းလိုက်ပြီ။ Disagreement ဆိုတဲ့ သဘောမတူတာ၊ ကွဲလွဲတာ၊ ခြားနားတာတွေက လူတစ်ဦးထက်ပိုလာတာနဲ့ ကြုံရတော့မှာပဲ။ ဒါက သဘာဝပဲလေ။ အုပ်ချုပ်သူအကြီးအကဲတွေအတွက် ဒီဝိရောဓိတွေနဲ့လှုပ်ရှားကျင်လည်နေရမှာ အမှန်တရားပဲ'

အယူအဆသဘောတရားတွေ မတူညီမှုကနေ conflict ဖြစ်မယ်။ ဒါကိုမှ တစ်ဖွဲ့နဲ့တစ်ဖွဲ့ အကြမ်းနည်းနဲ့ လက်နက်တွေကိုင်စွဲတဲ့ အခြေအနေမျိုးကတော့ Armed conflict လို့ဆိုရတော့မယ်။

ယခုအချိန်အခါမှာ ကျွန်မတို့နိုင်ငံမှာလည်း နှစ်ပေါင်း ၆၀ ကျော်ဖြစ်လာတဲ့ ဒီ Armed conflict ကိုပြေအေးစေဖို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေနဲ့ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေတာ အများအသိပါပဲ။ အမြန်ဆုံးရည်မှန်းချက်တွေပြည့်မြောက်လို့ Peace ငြိမ်းချမ်းရေး အစစ်အမှန်နဲ့ နိုင်ငံတစ်ဝှမ်းပြည်သူပြည်သားတွေ ဝမ်းသာကြည်နူးပီတိဖြစ်ချင်နေကြပါပြီ။

အမေရိကန်သမ္မတဟောင်း Ronald Reagan ပြောခဲ့တဲ့စကားလေးကလည်း အနှစ်သာရအပြည့်ပါပဲ။

'Peace is not absence of conflict; it is the ability to handle conflict by peaceful means'

ငြိမ်းချမ်းရေးဆိုတာ ဝိရောဓိတွေမရှိတာကို ဆိုလိုတာမဟုတ်ပါဘူး။ ရှိနေတဲ့ဝိရောဓိတွေကို ဘယ်လိုအေးချမ်းတဲ့နည်းနဲ့ ဖြေရှင်းနိုင်မလဲဆိုတဲ့ အရည်အချင်းကိုပြောတာပါတဲ့။

'Diversity' ဆိုတဲ့ မတူကွဲပြားခြားနားမှုကို လက်ခံပြီးတော့ ဝိရောဓိပဋိပက္ခဆန့်ကျင်တာတွေကို အကြမ်းမဖက်ဘဲ ငြိမ်းချမ်းစွာဖြေရှင်းနိုင်ဖို့အဖြေရှာခြင်းက အကောင်းဆုံးနည်းလမ်းဆိုတာ ကမ္ဘာနဲ့အဝှမ်း လက်ခံထားကြတာပါပဲ။ Conflict Quotes တွေထဲက နည်းယူစရာစကားလေးကို လူတိုင်းနာယူသင့်တယ်လို့ထင်တယ်။



"If we cannot end our differences, at least we can make the world safe for diversity."

ကိုယ့်အချင်းချင်း ကွဲပြားခြားနားမှုတွေကို အဆုံးမသတ်နိုင်ရင်တော့ အနည်းဆုံးဒီမတူကွဲပြားမှုတွေအတွက် ဘေးကင်းလုံခြုံမှုရှိတဲ့ အခြေအနေလေးကိုတော့ ဖန်တီးပေးဖို့လိုမယ်လို့ ဆိုလိုရင်းရှိပါတယ်။

လူတွေရှိရင် ကွဲပြားခြားနားမှုတွေရှိမယ်။ သဘောတရား၊ ခံယူချက်၊ အယူအဆခြားနားမှုဆိုတဲ့ Differences တွေကနေ ဝိရောဓိ Conflict လမ်းကြောင်းပေါ်လာတာ ဓမ္မတာပဲလေ။ ဒါကြောင့် Differences တွေကို ဖြေရှင်းနိုင်တဲ့နည်းသုံးနည်းရှိတယ်လို့ ဖတ်ဖူးတယ်။

(1) Domination
(2) Compromise
(3) Integration သုံးနည်းပါ။

အလွယ်ဆုံးပုံစံလေးနဲ့ သဘောထားမတူကြတဲ့ အဖွဲ့နှစ်ဖွဲ့ပဲဆိုပါစို့။

Domination - စကားလုံးက Dominate ဆိုတဲ့ စကားကလာတာ ကြိယာရှိတယ်၊ ထိန်းချုပ်မှုရတယ်၊ အပေါ်စီးရတယ်ဆိုတဲ့သဘောပါ။ ဒီ Domination နည်းအရဖြေရှင်းလိုက်ရင် အဖွဲ့တစ်ဖွဲ့ကပဲ လိုချင်တာရသွားမယ်။ Compromise နည်းမှာတော့ နှစ်ဦးနှစ်ဖက်စေ့စပ်ကြေအေးဖြေရှင်းလိုက်တယ်။ အဖွဲ့နှစ်ဖွဲ့လုံး သူတို့လိုချင်တာမရလိုက်ဘူး။ Integration နည်းကတော့ ပေါင်းစည်းခြင်း/စုစည်းခြင်းဖြင့် နှစ်ဖွဲ့လုံးကလိုချင်တာ ရနိုင်စေမယ့် နည်းလမ်းကိုရှာဖွေခြင်းပဲဖြစ်တယ်လို့ ဆိုထားတယ်။

အုပ်ချုပ်မှုပညာနယ်ပယ်မှာလည်း CEO (Chief Executive Officer) များအတွက် 'Conflict Management' ဆိုတဲ့ သဘောတရားလေးကို ဆွေးနွေးရေးထားတာတွေရှိတယ်။ စိတ်ပညာရှင်နှစ်ဦးဖြစ်တဲ့ Kenneth Thomas နဲ့ Ralph Kilmann တို့ရဲ့ Thomas-Kilmann Model က Conflict Management Model တွေထဲက ထင်ရှားတဲ့ Model တစ်ခုပါပဲ။ လူတစ်ဦးချင်းအနေနဲ့ ရွေးချယ်နိုင်တဲ့ Conflict Styles တွေလို့လည်းပြောတယ်။ Conflict Process ဆိုပြီး ဝိရောဓိဖြစ်လာတဲ့အခါ လူတွေ အထူးသဖြင့် အုပ်ချုပ်သူတွေအတွက် လမ်းညွှန်ထောက်ကူပြုမယ့် နည်းဥပဒေသအနေနဲ့ငါးမျိုးရှိတယ်လို့ဆိုပါတယ်။


(1) Competing - မိမိအခွင့်အရေး၊ လိုလားချက်အတွက်ဖြစ်စေ၊ လုပ်ငန်းသဘောအရဖြစ်စေ၊ မိမိယုံကြည်ချက်အတိုင်း မားမားမတ်မတ်ကာကွယ်ရပ်တည်ခြင်း၊
(2) Accomodating - တစ်ဘက်လူရဲ့ ရှုထောင့်အမြင်နောက် လိုက်ပါခြင်း၊
(3) Avoiding - ဝိရောဓိဖြစ်မှု၊ ထိပ်တိုက်တွေ့မှုကို ရှောင်ဖယ်ခြင်း၊
(4) Collaborating - ဆန့်ကျင်ဖက်အဖွဲ့နဲ့ ဆွေးနွေးညှိနှိုင်းပူးပေါင်းခြင်း၊
(5) Compromising - နှစ်ဦးနှစ်ဖက် ကျေလည်ပြေအေးရစေအောင် အပေးအယူနည်းလမ်းရှာကြံဆောင်ရွက်ခြင်း၊


Conflicts ကိုထိရောက်စွာ ဖြေရှင်းနိုင်ဖို့ပြောတဲ့ ဥပဒေသငါးမျိုးလုံးက အခြေအနေ၊ အချိန်အခါအလိုက် တန်ဖိုးရှိ အသုံးကျတဲ့နည်းတွေဖြစ်ပါတယ်။

CEO တွေအနေနဲ့ Competing Style ကိုသုံးကြရတာလည်းရှိတယ်။ မဟုတ်ရင် 'Cowardly boss' ဆိုပြီး နောက်ကွယ်မှာ အတင်းပြောခံရဖို့များတယ်။ မိမိရဲ့ခေါင်းဆောင်မှုအရည်အချင်း ရှိ/မရှိကိုလည်း ပေါ်လွင်စေမယ်လေ။ Leadership Credibility ကိုရယူနိုင်ဖို့ Competing Style ကိုကျင့်သုံးဖို့လိုမယ်။ ကာလဒေသလိုက်ပြီးတော့ရယ်၊ Conflict မှာ ပါဝင်ကြတဲ့သူတွေရဲ့ အနေအထားတွေရယ်သုံးသပ်ပြီး Conflict ကိုထိရောက်စွာ Manage လုပ်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

# Automobile အကြောင်းတစေ့တစောင်း

ကားတွေမှာ 2WD (နှစ်ဘီးယက်) နဲ့ 4WD (လေးဘီးယက်) စသည်ဖြင့်ရှိကြတယ်။ 2WD ဆိုတာက ဘီးလေးဘီးရှိတဲ့ထဲက ၂ ဘီးပဲယက်နေတာပါ။ ဒီ ၂ ဘီးက ကားကို စတင်ရွေ့စေတာပါ။ ကျန် ၂ ဘီးက အလွတ်လိုက်လည်သောဘီးများ (Free rolling axle tires) ဖြစ်ပါတယ်။ အဲ့ဒီ 2WD မှာမှ အင်ဂျင်ထားတဲ့ပုံစံပေါ် မူတည်ပြီး အမျိုးအစား ၄ မျိုးထပ်မံခွဲခြားထားပါတယ်။ (၁) ရှေ့အင်ဂျင်ရှေ့ယက် (Front engine front drive)၊ (၂) ရှေ့အင်ဂျင်နောက်ယက် (Front engine rear drive)၊ (၃) အလယ်အင်ဂျင်နောက်ယက် (Mid- engine rear drive)၊ (၄) နောက်အင်ဂျင် နောက်ယက် (Rear engine rear drive) တို့ဖြစ်ပါတယ်။ အဲ့ဒီ ၄ မျိုးထဲမှာမှ ရှေ့အင်ဂျင်ရှေ့ယက်နဲ့ ရှေ့အင်ဂျင်နောက်ယက် ပုံစံ ၂ မျိုးက ပိုအသုံးများပါတယ်။








**ရှေ့အင်ဂျင်ရှေ့ယက် (Front engine front drive)**

အဲ့ဒီကားအမျိုးအစားမှာတော့ အင်ဂျင်ကော ဂီယာဘောက်စ်ရောက ကားရှေ့ပိုင်းမှာပဲရှိပါတယ်။ အချို့ရှေ့အင်ဂျင်ရှေ့ယက်ကားတွေမှာ အင်ဂျင်နဲ့ဂီယာဘောက်စ်ကိုအလျားလိုက်တပ်ဆင်ပြီး အချို့ကားတွေမှာ ဒေါင်လိုက်တပ်ဆင်ကြပါတယ်။ ရှေ့ယက်ဆိုတာက ရှေ့ဘီး ၂ ဘီးကယက်ပြီး နောက်ဘီးတွေက ရှေ့ဘီးလိမ့်လို့လိုက်လိမ့်တာပါ။ အင်ဂျင်ရဲ့တွန်းအားက ရှေ့ဘီး ၂ ဘီးနဲ့ပဲချိတ်ထားတာပါ။ ရှေ့အင်ဂျင်ရှေ့ယက်တွေရဲ့ အားသာချက်ကတော့ axle အုံတွေ၊ propeller shaft တို့မပါဝင်လို့ ပေါ့ပါးပါတယ်။ ကားဒီဇိုင်းကလည်းကျစ်လျစ်လို့ ကားသေးတွေမှာအများဆုံး အသုံးပြုပါတယ်။ ကားကြမ်းပြင်ကလည်း flat ဖြစ် လို့ stability လည်းပိုကောင်းပါတယ်။ engine က dashboard အနီးမှာရှိလို့ ကားကိုထိန်းချုပ်မောင်းနှင်ရာမှာလည်း လွယ်ကူပါတယ်။ သူ့ရဲ့အားနည်းချက်ကတော့ ကားရှေ့ဘီးကဝန်ပိုထမ်းရလို့ ရှေ့ဘီးရဲ့တာယာတွေက ပိုပြီးပွန်းစားလွယ်ပါတယ်။ driving part မှာ uniform joint အသုံးပြုထားလို့ ကားရဲ့ suspension system ကတော့ ပိုမိုရှုပ်ထွေးပါတယ်။ engine နဲ့ power delivery device များ တစ်ဆက်တည်းတပ်ဆင်ထားလို့ စစ်ဆေးပြုပြင်ရန် အနည်းငယ်ခက်ခဲပါတယ်။

**ရှေ့အင်ဂျင်နောက်ယက် (Front engine rear drive)**


အဲ့ဒီကားအမျိုးအစားက အင်ဂျင်သည် ကားရှေ့ပိုင်းမှာပဲရှိပြီး အင်ဂျင်ရဲ့တွန်းအားကတော့ နောက်ဘီး ၂ ဘီးနဲ့ပဲချိတ်ထားတာပါ။ နောက်ဘီး ၂ ဘီးကတွန်းလို့ ရှေ့ဘီး ၂ ဘီးက လိုက်လိမ့်တာပါ။ ရှေ့အင်ဂျင်နောက်ယက်ကားတွေရဲ့အားသာချက်ကတော့ လေဝင်လေထွက်ကောင်းလို့ engine cooling system အတွက် ပိုကောင်းပါတယ်။ engine, clutch, transmission (ဂီယာဘောက်စ်) တို့ကိုလည်း တိုက်ရိုက်ထိန်းချုပ်မောင်းနှင်နိုင်ပါတယ်။ ဂီယာဘောက်စ်ကအလယ်မှာရှိနေပြီး ကားရဲ့ဘီးတွေက ညီမျှတဲ့ဝန်ကိုထမ်းရလို့ weight balance ကောင်းမွန်ပါတယ်။ ကားတိမ်းမှောက်မှုလည်း အလွယ်တကူမဖြစ်နိုင်ပါဘူး။ engine က ကား dashboard




အနီးမှာရှိ၍ ကားကိုထိန်းချုပ်မောင်းနှင်ရာမှာလွယ်ကူပြီး ကားကိုစစ်ဆေးပြုပြင်ဖို့လည်း လွယ်ကူပါတယ်။ သူ့ရဲ့အားနည်းချက်ကတော့ axle အုံတွေ propeller shaft တွေပါလို့ ကားကနေရာယူမှုများပြီး လေးလံပါတယ်။ ကားထုတ်လုပ်သူတွေအတွက်လည်း ကုန်ကျစရိတ်ကြီးတဲ့ ကားအမျိုးအစားဖြစ်ပါတယ်။ TE ကားကြီးတွေ၊ Light truck တွေနဲ့ဝန်တင်တဲ့ကားကြီးတွေမှာ အများဆုံးမြင်နိုင်ပါတယ်။

**အလယ်အင်ဂျင်နောက်ယက် (Mid-engine rear drive)**

အဲ့ဒီကားအမျိုးအစားကတော့ အင်ဂျင်က ကားနောက်ဝင်ရိုးရဲ့ရှေ့အလယ်တည့်တည့်မှာရှိပြီး နောက်ဘီး ၂ ဘီးကပဲ အဓိကအလုပ်လုပ်တာဖြစ်ပါတယ်။ အချို့အလယ်အင်ဂျင် နောက်ယက်ကားတွေက အင်ဂျင်နဲ့ဂီယာဘောက်စ်ကို အလျားလိုက်ထားပြီး တချို့ကားတွေက








တော့ ဒေါင်လိုက်ထားကြပါတယ်။ မြန်မာနိုင်ငံမှာတော့ အနည်းငယ်တွေ့ရခဲပါတယ်။ မောင်းနှင်ရာမှာ ပိုမိုလွယ်ကူချောမွေ့စေရန် နောက်ဘီးတွေမှာကောင်းမွန်တဲ့ traction ဖြစ်စေပါတယ်။ သူ့ရဲ့ weight dynamics အားသာချက်ကြောင့် ခေတ်ပေါ်ပြိုင်ကားတွေမှာ အသုံးများပါတယ်။ Formular One ကားပြိုင်ပွဲက ပြိုင်ကားတွေမှာများစွာအသုံးပြုကြတာကို တွေ့ရမှာဖြစ်ပါတယ်။

**နောက်အင်ဂျင်နောက်ယက် (Rear engine rear drive)**

အဲ့ဒီကားအမျိုးအစားကတော့ အင်ဂျင်ရော၊ ဂီယာ




ဘောက်ရော ကားနောက်ပိုင်းမှာပဲရှိပါတယ်။ နောက်ဘီး ၂ ဘီးကပဲ အဓိကအလုပ်လုပ်တာပါ။ ရှေ့အင်ဂျင်ရှေ့ယက်ကားတွေနဲ့ အနည်းငယ်ဆင်တူပါတယ်။ လေဝင်လေထွက်ရရန်ခက်ခဲလို့ engine cooling system အတွက် မကောင်းပါဘူး။ axle အုံတွေ၊ propeller shaft တွေမပါလို့ ပေါ့ပါးပြီးနေရာယူမှုနည်းလို့ ခရီးသည်တင် Bus ကားကြီးတွေ၊ Express ကားကြီးတွေမှာ အသုံးများပါတယ်။ ကားနောက်ဘီးကဝန်ပိုထမ်းရလို့ နောက်ဘီးရဲ့တာယာကပိုမိုပွန်းစားလွယ်ပါတယ်။ အင်ဂျင်ရော၊ ဂီယာဘောက်စ်ရော ကားနောက်ပိုင်းမှာရှိနေလို့ ကားကိုထိန်းချုပ်မောင်းနှင်ရတာ အနည်းငယ်ခက်ခဲပါတယ်။ engine နဲ့ power delivery device တွေ တစ်ဆက်တည်းတပ်ဆင်ထားလို့ ထုတ်လုပ်သူအတွက်ကုန်ကျစရိတ်သက်သာစေပေမဲ့ စစ်ဆေးပြုပြင်ဖို့ကတော့ အနည်းငယ်ခက်ခဲပါတယ်။

4WD ဆိုတာ 4 Wheel Drive ဖြစ်ပါတယ်။ ကားလေးဘီးမှာ လေးဘီးလုံးယက်တာကိုပြောချင်တာပါ။ အင်ဂျင်ရဲ့တွန်းအားက လေးဘီးလုံးနဲ့တစ်ပြိုင်တည်း ချိတ်ဆက်ထားတာဖြစ်ပါတယ်။ 2WD နဲ့ 4WD ကွာခြားချက်ကတော့ 2WD မှာ differential (ကရောင်း) တစ်ခုသာပါပြီး 4WD ထက်စာလျှင် ဆီစားသက်သာပါတယ်။ 4WD



ကတော့ ဆီစားများ၍အဆွဲအရှန်းကောင်းတာကြောင့် တောင် တက်လမ်းကြမ်းတို့အတွက် အင်မတန်ကောင်းလှပါတယ်။ 4WD မှာတော့ differential (ကရောင်း) က အနည်းဆုံး ၂ ခု (သို့) ၃ ခုပါရှိပြီး transfer gearbox လည်းပါပါတယ်။

**စာမျက်နှာ ၆ သို့ -**



# လဲလျှင်ပြန်ထ ဒါဘဝပဲ

ဇင်ယော်

'Life will knock us down, but we can choose to get back up' တဲ့။ ကမ္ဘာကျော် Karate Kid ဇာတ်ကားထဲမှာ မင်းသားဂျက်ကီချန်း (Jackie Chan) ပြောသွားတဲ့စကားလေးပါ။ 'ဘဝဆိုတာ ကိုယ့်ကိုရှုံးနိမ့်အောင် စီရင်ဖန်တီးနိုင်ပါတယ်။ ဒါပေမဲ့ပြန်ထပြီး ရုန်းကန်ကြိုးစားဖို့ဆိုတာ ကိုယ်ရဲ့ရွေးချယ်မှုပါပဲ' တဲ့။ ကျွန်တော်တို့ ကြားဖူးနေကျ 'ကြိုးစားအားထုတ်နေသမျှ သင်မရှုံး။ လက်မြှောက်နောက်ဆုတ်လိုက်လျှင်ကား သင်လုံးဝရှုံးပေပြီ' ဆိုတဲ့ စကားပုံလေးနဲ့အဓိပ္ပာယ် အတူတူပါပဲ။

ကျွန်တော်တို့တွေရဲ့ဘဝတွေမှာ ကိုယ်ဘယ်လောက်ပဲကြိုးစား၊ ကြိုးစားကောင်းတာတွေ ဘယ်လောက်ပဲလုပ်လုပ်၊ လွှဲဆန်မရတဲ့ ဝဋ်ကြွေးတွေ၊ အခက်အခဲတွေ၊ ဘေးဒုက္ခတွေရှိတတ်ကြပါတယ်။ အဲဒီလို ဒုက္ခတွေ၊ အခက်အခဲတွေကြုံရတဲ့အခါ အများစုက ဒါငါ့ကံကြမ္မာပဲ၊ ငါဘာမှလုပ်လို့မရတော့ဘူး။ ဖြစ်ချင်တာဖြစ်ပါစေတော့ဆိုပြီး နေကြပါတော့တယ်။ လဲရင်လဲတဲ့နေရာမှာ ခွေအိပ်နေလိုက်ကြတယ်။

တကယ်တော့ ဘေးဒုက္ခရောက်သွားချိန်၊ ကျဆုံးချိန်၊ အားလုံးကပိုင်းပယ်ထားတဲ့အချိန်မှာလည်း အခွင့်အရေးဆိုတာရှိပါတယ်။ ကိုယ်ပြန်ကြိုးစားမလား၊ မကြိုးစားဘူးလား။ ကိုယ့်အပေါ်မှာပဲ မူတည်ပါတယ်။ ကိုယ်ပြန်ထနိုင်ရင်၊ ကိုယ့်ဘဝကို ကိုယ်တည့်တည့်မတ်မတ် ပြန်ရပ်နိုင်ရင်ကိုပဲ ကိုယ့်ဘဝအတွက် အောင်မြင်မှုတစ်ခုပါ။ လူတွေရဲ့ဘဝတွေမှာ သူဘယ်လောက်အောင်မြင်တယ်ဆိုတာ အဲ့ဒီလူကံဇာတာတက်ပြီး လုပ်သမျှရွှေဖြစ်နေချိန်မှာကြည့်ပြီး ဆုံးဖြတ်လို့မရပါဘူး။ အဲ့ဒီလူရှုံးနိမ့်နေချိန်မှာ ဘယ်လိုရင်ဆိုင်ဖြတ်သန်းခဲ့သလဲဆိုတာနဲ့ပဲကြည့်ပြီး ဆုံးဖြတ်ရတာပါ။

ဘဝဆိုတာ ရေလှိုင်းတွေလို အနိမ့်၊ အမြင့်၊ အတက်၊ အကျတွေနဲ့ဆိုတော့ ဘယ်သူမဆို အောင်မြင်တဲ့အချိန်ရှိသလို၊ ဆုံးရှုံး၊ ရှုံးနိမ့်ရတဲ့အချိန်ဆိုတာလည်း ရှိမှာပါပဲ။ အရှုံးကို ဘယ်လိုရင်ဆိုင်မလဲ။ အရှုံးကို ဘယ်လိုကျော်ဖြတ်မလဲ။ အရှုံးကို ရင်ဆိုင်နိုင်ဖို့ စိတ်ဓာတ်ခွန်အားဖြည့်စကားစုလေးတွေ မျှဝေချင်မိပါတယ်။ ကျွန်တော်တလောက ဆရာမြတ်ငြိမ်း ဘာသာပြန်ထားတဲ့ 'ပွဲကျပ်လျှင် ဖွဲခတ်သူတို့နိုင်စမြဲ' ဆိုတဲ့ စာအုပ်လေးဖတ်ရပါတယ်။ စာအုပ်ထဲမှာရေးထားတာက ဒီလိုပါဗျာ။

'ရှုံးနိမ့်မှုကို ကြောက်ရွံ့စရာ မလိုပါ။

ရှုံးနိမ့်မှုကြောင့် သင်သည်အရှုံးသမားတစ်ဦးဖြစ်စရာမလိုပါ။ ယခုရှုံးနိမ့်ခြင်းသည် သင်လောလောဆယ် မအောင်မြင်သေးဟုသာ အဓိပ္ပာယ်ထွက်သည်။

ရှုံးနိမ့်ခြင်းသည် သင်ဘာဆိုဘာမျှမဖြစ်မြောက်ဟု အဓိပ္ပာယ်မထွက်။ သင်တစ်စုံတစ်ခုကို သင်ယူတတ်မြောက်လိုက်သည်ဟု အဓိပ္ပာယ်ထွက်သည်။

ရှုံးနိမ့်ခြင်းသည် သင်ရူးမိုက်ခဲ့သည်ဟု အဓိပ္ပာယ်မထွက်။ သင့်မှာ သက်ဝင်ယုံကြည်မှုတစ်ခု စွဲမြဲစွာရှိသည်ဟုအဓိပ္ပာယ်ထွက်သည်။

ရှုံးနိမ့်ခြင်းသည် သင်အရှက်ခွဲခံရသည်ဟု အဓိပ္ပာယ်မထွက်။ သင်သည် ကြိုးစားအားထုတ်လိုစိတ်ရှိသည်ဟု အဓိပ္ပာယ်ထွက်သည်။

ရှုံးနိမ့်ခြင်းသည် သင့်မှာအရည်အချင်းမရှိဟု အဓိပ္ပာယ်မထွက်။ သင်သည် တစ်စုံတစ်ရာကို တစ်နည်းတစ်ဖုံဖြင့် အားထုတ်ရမည်ဟု အဓိပ္ပာယ်ထွက်သည်။

ရှုံးနိမ့်ခြင်းသည် သင်ညံ့သည်ဟု အဓိပ္ပာယ်မထွက်။ သင်သည် စင်းလုံးချောမဖြစ်သေးဟု အဓိပ္ပာယ်ထွက်သည်။

ရှုံးနိမ့်ခြင်းသည် သင့်ဘဝကိုသင် အလဟဿဖြစ်အောင်လုပ်သည်ဟု အဓိပ္ပာယ်မထွက်။ သင့်အနေဖြင့် ဘဝသစ်ပြန်စဖို့အကြောင်းဖန်လာသည်ဟု အဓိပ္ပာယ်ထွက်သည်။

ရှုံးနိမ့်ခြင်းသည် သင်ဒီတစ်သက်တွင် ထွန်းကားမည်မဟုတ်တော့ဟု အဓိပ္ပာယ်မထွက်။ သင့်အနေဖြင့် သည့်ထက်နည်းနည်းပိုကြာအောင် ကြိုးစားရဦးမည်ဟု အဓိပ္ပာယ်ထွက်သည်။


ရှုံးနိမ့်ခြင်းသည် သင်လက်လျှော့သင့်သည်ဟု အဓိပ္ပာယ်မထွက်။ သင်ယခုထက် ပိုပြီးကြိုးစားအားထုတ်ရမည်ဟု အဓိပ္ပာယ်ထွက်သည်' တဲ့။

အရှုံးနဲ့ကြုံနေရချိန်မှာ အထက်က စကားလေးတွေကို ရင်ထဲစွဲနေရင်ပိုကြံ့ခိုင်လာမှာပါ။ စာဖတ်သူများလည်း ကြားဖူးကြမှာပါ။ ဒုတိယကမ္ဘာစစ်အတွင်းက နာမည်ကျော် ဗြိတိသျှဝန်ကြီးချုပ် ဝင်စတန်ချာချီရဲ့စကားလေးရှိပါတယ်။ "Defeat into Victory" တဲ့။ 'အရှုံးမှသည် အောင်ပွဲဆီသို့' လို့ပြန်ရမယ်ထင်ပါတယ်။ ရှုံးနိမ့်နေချိန်မှာ မတ်မတ်ရပ်ပြီး ဘဝအတွက်ဆက်ကြိုးစားနေဖို့က အဓိကပါ။ မနိုင်သေးသမျှတော့ ရှုံးနေရဦးမှာပါပဲ။ ဒီတော့ မသေသေးသမျှတော့ ဆက်ကြိုးစားနေရမှာပေါ့ဗျာ။

Credit - ပွဲကြပ်လျှင် ဖွဲခတ်သူတို့နိုင်စမြဲ

စာမျက်နှာ ၅ မှ -

4WD မှာ Part time 4WD နဲ့ Full time 4WD ဆို ပြီး ထပ်မံကွဲပြားပါတယ်။ Part time 4WD ဆိုတာ ကိုယ်လိုတဲ့အချိန်ကျမှ 4WD ကိုပြောင်းလို့ရပါတယ်။ ကျန်တဲ့အချိန်တွေမှာ 2WD နဲ့မောင်းလို့ရပါတယ်။ ဒါကြောင့် Part time က Full time လောက်ဆီမစားပါဘူး။ ကွန်ကရစ်လမ်းနဲ့ ကောင်းမွန်တဲ့လမ်းအခြေအနေတွေမှာ 2WD နဲ့မောင်းနှင်နိုင်ပြီး လမ်းဆိုးတွေ၊ တောင်တက်လမ်းတွေမှာတော့ 4WD နဲ့မောင်းနှင်နိုင်ပါတယ်။ Part time တွေမှာ 2WD နဲ့ 4WD ရွေးချယ်မောင်းနှင်ဖို့ အချို့ကားတွေမှာဂီယာထိုးတံ ၂ ခုပါရှိပါတယ်။



စက်မှုဝန်ကြီးဌာနကထုတ်တဲ့ Double Cab ကတော့ part time ဖြစ်ပြီး 2WD နဲ့ 4WD ကိုရွေးချယ်မောင်း နှင်နိုင်ဖို့အတွက် ခလုတ်ပါရှိပါတယ်။ အဲဒီခလုတ်မှာ 2H, 4H, 4L ဆိုပြီး speed range ၃ ခုပါရှိပါတယ်။ 2H က 2 wheel hight လို့ရည်ညွှန်းပြီး၊ 4H က 4 wheel hight လို့ပြောချင်တာပါ။ 4L ကတော့ 4 wheel low လို့ရည်ညွှန်းပါတယ်။ ကွန်ကရစ်လမ်းနဲ့ကောင်းမွန်တဲ့လမ်းအခြေအနေမှာ 2H နဲ့ မောင်းနှင်နိုင်ပါတယ်။ 4L ကိုတော့ တောတွေ၊ တောင်တွေကြားမှာမောင်းတဲ့အခါ သုံးရမှာဖြစ်ပါတယ်။ 4H ကိုတော့ ရေခဲပြင်၊ နှင်းကျတဲ့နေရာနဲ့ ရွှံ့ညွန်ထူထပ်တဲ့နေရာတွေမှာ သုံးရမှာဖြစ်ပါတယ်။ သတိပြုရမှာကတော့ 2WD နဲ့မောင်းနေရင်း 4WD ကိုပြောင်းချင်ရင်ပဲဖြစ်ဖြစ် 4WD နဲ့မောင်းနေရင်း 2WD ကိုပြောင်းချင်ရင်ပဲဖြစ်ဖြစ် ကားကိုရပ်ပြီးမှပြောင်းရမှာဖြစ်ပါတယ်။ အဲဒါမှသာလျှင် ဂီယာဘောက်စ်ပျက်စီးမှုမရှိမှာဖြစ်ပါတယ်။

Full time 4WD ကတော့ part time လိုရွေးချယ်ခွင့်မရှိဘဲ အချိန်တိုင်း 4WD ဖြစ်နေပါလိမ့်မယ်။ 4WD မှာ part time, full time တို့အပြင် Automatic 4WD (A4WD) ဆိုတာလည်း ရှိပါသေးတယ်။ ပုံမှန် 2WD နဲ့ မောင်းနှင်၍ လမ်းသားကိုသူ့ဘာသာသူ sense လုပ်ပြီး လိုအပ်တဲ့အချိန်ရောက်မှသာ 4WD ကိုအလိုအလျောက် ချိန်းလိုက်တာဖြစ်ပါတယ်။ ဒါ့အပြင် All Wheel Drive (AWD) ဆိုတာလည်းရှိပါသေးတယ်။ သူကတော့ Full time နဲ့တော်တော်လေးကိုတူပါတယ်။ အချိန်တိုင်း ဘီးအားလုံးယက်နေတာကြောင့် AWD လို့ခေါ်ရခြင်းဖြစ်ပါ တယ်။ AWD ကားတွေမှာ full time 4 WD လို low speed range မပါပါဘူး။ Automatic hight တစ်မျိုးတည်းသာပါပါတယ်။ Part time 4 WD တွေက centre differential မပါပါဘူး။ AWD ကားတွေမှာတော့ center differential ပါပါတယ်။ ဒါကြောင့် AWD ကတော့ အကွေ့ကွေ့တဲ့အခါမှာ part time 4WD ထက်ပိုစိတ်ချရပါတယ်။

ကဲဒီလောက်ဆိုလျှင်တော့ 2WD နဲ့ 4WD ကို အနည်းငယ်တီးခေါက်မိမယ်လို့ မျှော်လင့်ပါတယ်။

ချယ်ရီ (ခေတ္တ-ဖန်ခါးမြေ)

# ကမ္ဘာမြေကိုချစ်တဲ့သူ




**မင်းညတာရာ**

လူသားတိုင်းလူသားတိုင်း ကိုယ့်ကမ္ဘာမြေကိုချစ်တတ်ဖို့၊ တန်ဖိုးထားတတ်ဖို့လိုပြီလို့ ကျွန်တော်ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ လူသားတွေနေထိုင်အသက်ရှင်ရတဲ့ ကမ္ဘာမြေဟာ လူသားတွေရဲ့အသုံးချမှုကြောင့် တဖြည်းဖြည်းပျက်စီးယိုယွင်းစပြုလုနေပြီလေ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုပဲ မပြတ်နှိုးဆော်နေကြ၊ ရေးနေကြတာတွေ တွေ့ရဖတ်ရတော့ ကိုယ့်ကမ္ဘာမြေအတွက် ကိုယ်သံသယဖြစ်လာရတယ်။ စိုးရိမ်လာရတယ်။ သည်ကမ္ဘာမြေကြီးသာ ပျက်စီးပျောက်ကွယ်သွားရင် လူသားတွေ ဘယ်နေရာမှာဘယ်လို အသက်ရှင်နေထိုင်ကြမှာလဲ။ ကမ္ဘာမြေဆိုတာမရှိတော့တာနဲ့ လူသားတွေလည်း မျိုးတုန်းပျောက်ကွယ်သွားတော့မှာလား။ အင်း-ကျွန်တော့်အမြင်က သိပ္ပံပညာရှင်တွေရဲ့လက်တွေ့သုတေသနတွေထက် ပိုပြီးအဆိုးမြင်နေပြီလား။ ကျွန်တော်ကတွေးကြည့်မိတာ ပါ။ သိတယ်မို့လား။ ဘာပဲဖြစ်ဖြစ်တစ်ခုခုဆို ကျွန်တော်ကတွေးပြီ။ တွေးမိရင် အတွေးကမဆုံးတော့ဘူး။ မီးခိုးကြွက်လျှောက်တွေးမိတာပဲ။ အဲသည့်အတွေးတွေကို စာတွေရေးဖြစ်ရင်တော့ သိပ်ကောင်းတာပေါ့။

ပြောရရင်ကျွန်တော်က ကမ္ဘာမြေကိုချစ်တဲ့သူတစ်ယောက်ပါ။ ကမ္ဘာမြေမှာရှိတဲ့ စိမ်းလန်းစိုပြေနေတဲ့မြင်ကွင်းတွေ၊ လှပတဲ့တော၊ တောင်၊ ရေ၊ မြေ သဘာဝပတ်ဝန်းကျင်တွေကို နှစ်သက်မြတ်နိုးတန်ဖိုးထားတယ်။ လူတွေကြားထဲမှာ နေထိုင်အသက်ရှင်ရတာမွန်းကျပ်လွန်းလို့ ခဏလေးပဲဖြစ်ဖြစ် လွတ်မြောက်ချင်တဲ့စိတ်နဲ့ အဲသည့် တော၊ တောင်၊ ရေ၊ မြေပတ်ဝန်းကျင်တွေကြားမှာ နေထိုင်အသက်ရှင်ခွင့်ကို လိုချင်တောင့်တမိတာအမှန်ပါပဲ။ အဲဒီလိုတစ်ယောက်တည်း ယဉ်ခဲ့တဲ့စိတ်ကူးကိုပြောပြမိရင် ရူးနေပြီလို့ထင်ကြမလားမသိဘူး။ အင်းပေ့ါလေ သာမန်လူတွေလိုဘဝကိုနေထိုင်ရှင်သန်ဖို့ စိတ်ကူးမရှိတဲ့၊ ဘယ်သူမှမတွေးတဲ့အတွေးတွေနဲ့ လူကို လူထူးလူဆန်းလို့ထင်ကြတာမဆန်းပါဘူး။ ထူးရင်ထူး၊ မထူးရင်ရူးတယ်တဲ့။ အဲသည်တော့ ရူးတယ်ပဲပြောကြပါတော့။

ကျွန်တော်ချစ်တဲ့ကမ္ဘာမြေဟာ သည်အတိုင်းသူ့ဘာသာသူ နေထိုင်အသက်ရှင်နေတယ်လို့ ခပ်ညံ့ညံ့တွေးခဲ့မိပါတယ်။ ကမ္ဘာမြေဟာ တစ်နည်းနည်းနဲ့ပျက်စီးယိုယွင်းနေပြီဆိုတာ သိမှမသိတာ။ စာတွေဘာတွေဖတ်မိမှ ငါတို့နေတဲ့ကမ္ဘာမြေဟာ သည်လိုဖြစ်နေတာပါလားလို့ သိရတာ။ အဲသည့်အတွက် သိပ္ပံပညာရှင်တွေ၊ စာရေးဆရာတွေကို ကျေးဇူးတင်ရုံမကဘူး။ လေးလည်းလေးစားတယ်။ အားလည်းအားကျတယ်။ ကျွန်တော်သာ အဲဒီလိုပညာတွေတတ်ကြည့်ပါလား။ စာတွေအများကြီးရေးကာ လူထုကိုဖြန့်ဝေပြီး အသိပညာတွေပေးမယ်။ သူတို့ကိုဦးစီးဦးဆောင်ပြီး စည်းရုံးလှုံ့ဆော်မယ်။ အခုသူတို့ရေးတာတွေဖတ်ရတော့ ကမ္ဘာမြေအကြောင်းအနည်းအကျဉ်း သိလာရပြီ။ စိုးရိမ်လာရပြီ။ ကိုယ်လည်း ဘာမှမတတ်နိုင်ဘဲနဲ့ ကမ္ဘာနဲ့ချီပြီး စိုးရိမ်မနေပါနဲ့လို့တော့ မပြောပါနဲ့။ ဘာမှမတတ်နိုင်တာတောင် နှမ်းတစ်စေ့စာလောက်ပဲဖြစ်ဖြစ် အသိတရားလေးယှဉ်ပြီး ကမ္ဘာမြေကိုထိန်းသိမ်းစောင့်ရှောက်ကာကွယ်မယ်ဆိုရင် ကမ္ဘာမြေဟာ သည့်ထက်ပိုတည်တံ့ပြီးပိုမလှပလာနိုင်ဘူးလား။

လူတွေအကြောင်းပြောရရင် မကောင်းတာတွေချည်း များနေလိမ့်မယ်။ ကိုယ်က အဆိုးမြင်ဝါဒီဖြစ်နေတာမဟုတ်ဘူး။ သူတို့ကိုယ်တိုင်က ဆိုးနေတာ။ အများနဲ့တစ်ယောက်ယှဉ်တော့ ကိုယ်ကအဆိုးမြင်သမားလို ဖြစ်နေရတယ်။

ပြောရဦးမယ်။ တစ်မနက်ခင်း အိမ်ရှေ့မှာ ကျွန်တော်တံမြက်စည်းလှဲနေတယ်။ ကျွန်တော်တံမြက်စည်းမလှဲခင် မြေပြင်ကိုရေအရင်ဖြန်းသေးတာပါ။ မြေမှာ ဖုန်မှုန့်တွေ အလူးလူးအလိမ်းလိမ်းဆိုတော့ တံမြက်စည်းလှဲရင်ဖုန်ထမှာစိုးတာကြောင့် ဖုန်သိပ်ပေးတဲ့အနေနဲ့ ရေလေးဆွတ်လိုက်တာပါ။ ရေဖြန်းပြီး နည်းနည်းခြောက်သွေ့သွားမှ တံမြက်စည်းလှဲတယ်။ သည်တော့ ဖုန်မထဘဲလှဲရတာကောင်းသွားတယ်။ ကိုယ့်ကြောင့်လမ်းသွားလမ်းလာတွေ ဖုန်မပေရသလို ကျွန်တော်လည်း ဖုန်မပေတော့ဘူး။ ကျွန်တော်က ကိုယ့်ကြောင့် သူတစ်ပါးထိခိုက်နစ်နာသွားမှာစိုးရိမ်ကြီးတတ်ပါတယ်။

ကိုယ်ကသာ အဲသလိုစိုးရိမ်နေတာ တခြားသူတွေက အဲသလိုမဟုတ်ဘူး။ အဲ့သည်နေ့က ကျွန်တော့်အိမ်နီးချင်းအဒေါ်ကြီးတစ်ယောက်ကလည်း ကျွန်တော့်လိုပဲ အိမ်ရှေ့ထွက်ပြီး တံမြက်စည်းလှဲနေတာပါ။ ဒါပေမဲ့ သူလှဲနေတာက အမှိုက်မဟုတ်ဘူး။ ဖုန်တွေလှဲနေတာ။ မြေပြင်ပေါ်မှာ အမှိုက်သရိုက်ရယ်လို့ ရှိတာမဟုတ်ပါဘူး။ ဖုန်တွေသဲတွေချည်းပဲ။ ဖုန်စင်အောင်လှဲနေတာပါ။ သူလှဲလိုက်တဲ့ဖုန်တွေက လုံးထွေးပြီး လေထဲကိုတက်သွားတယ်။ လေတိုက်လိုက်တဲ့အချိန်ကျတော့ ဖုန်တွေကလမ်းဘက်ကိုလွင့်ပါသွားတော့ လမ်းပေါ်ကစက်ဘီးသမားတွေ၊ ဆိုင်ကယ်သမားတွေဟာ နှာခေါင်းနဲ့ပါးစပ်ကိုလက်နဲ့အုပ်ပြီးဖြတ်သန်းသွားရတယ်။ သူကတော့ ဘယ်သိမလဲ။ မသိချင်ယောင်ဆောင်နေတာလားမှမသိ။ ခေါင်းကြီးငုံ့ပြီး ဖုန်တွေသာ တတွင်တွင်လှဲနေတာ ကိုယ့်ကြောင့် သူတစ်ပါးထိခိုက်နစ်နာသွားလေမလားလို့လည်း တွေးမိပုံမရဘူး။ ကိုယ့်ကြောင့် သူတစ်ပါးဖုန်ပေသွားလည်း သူ့ပုံစံက ဂရုစိုက်မယ့်ပုံစံမဟုတ်ဘူး။ ကိုယ့်အိမ်ရှေ့ကဖုန်ကို ကိုယ့်ဘာသာလှဲတာ ဘာဖြစ်လဲလို့ပြန်ငေါ့ချင်ငေါ့နေမှာ။

အကယ်၍လေကဝေ့ပြီး သူ့ဘက်တိုက်ခတ်လိုက်ရင်တော့ ဖုန်တွေကသူ့ဆီရောက်လာပြီး သူ့ကိုလည်းပေရေကုန်မှာ မတွေးမိဘူးနဲ့တူပါတယ်။ ကျွန်တော်ကတော့ တစ်ခုခုဆိုရင် ကိုယ့်ကိုထိခိုက်နိုင်သလား၊ သူတစ်ပါးကိုထိခိုက်နစ်နာနိုင်သလား၊ ကိုယ်ချင်းစာပြီး တွေးမိတယ်။ ရှောင်သင့်ရင်ရှောင်တယ်။ ကာကွယ်သင့်ရင် ကာကွယ်တယ်။

အခုလည်း ဖုန်တွေမထအောင်ကာကွယ်လို့ရပါတယ်။ မြေပြင်ပေါ်ကို ရေဖြန်းပြီး ဖုန်သိပ်ပေးလိုက်။ အနည်းငယ်ခြောက်သွေ့သွားတော့မှ တံမြက်စည်းလှဲလိုက်။ သည်လိုဆိုလျှင် ဘယ်သူ့ဘယ်သူမှမထိခိုက်တော့ဘူး။ ပြောရရင်အနီးအနားက သစ်ပင်ကသစ်ရွက်ကလေးတွေတောင် ဖုန်မတင်တော့ သူ့အတိုင်းစိမ်းစိုနေတာကြည့်လို့လှတာပေ့ါ။ သည်လိုနဲ့ကိုယ့်ကမ္ဘာမြေကပတ်ဝန်းကျင်ကို ကိုယ့်ကြောင့်မထိခိုက်မနစ်နာစေဘဲ ကာကွယ်ထိန်းသိမ်းလို့ရတယ်လေ။

အမှန်တော့ကျွန်တော်က ကမ္ဘာမြေကိုချစ်တဲ့သူတစ်ယောက်ဆိုရင် ဒီလိုမျိုးမြင်တွေ့နေတာနဲ့ သွားပြီးသတိပေးသင့်ပါတယ်။ အန်တီရေသည်လိုတော့ရှိတယ်၊ သည်လိုဆိုရင် မကောင်းဘူးလားစသည်ဖြင့် ပြောပြစည်းရုံးသင့်တယ်။ ဒါပေမဲ့ ကျွန်တော်ကသွားမပြောရဲဘူးလေ။ သည်တော့သည်အတိုင်းရပ်ကြည့်ပြီး စိတ်မသက်မသာလှည့်ထွက်ခဲ့ရတယ်။ သည်လိုသာဆိုရင် ကျွန်တော် Environmental Activist တစ်ယောက်ဘယ်တော့မှဖြစ်လာမှာမဟုတ်ဘူး။ တကယ်သာပတ်ဝန်းကျင်ဆိုင်ရာအမြင်နဲ့ လှုပ်ရှားတက်ကြွသူဆိုရင် သူ့ပတ်ဝန်းကျင်မှာမိတ်ဖွဲ့မယ်၊ ဆွဲဆောင်မယ်၊ စည်းရုံးမယ်၊ ကန့်ကွက်မယ်၊ တားမြစ်မယ်၊ လိုအပ်တာမှန်သမျှ လုပ်သွားရမယ်တဲ့။ ကျွန်တော်က ဘာတစ်ခုမှမလုပ်ဖြစ်ဘဲ ကိုယ့်ခေါင်းထဲမှာသာရှိတာဆိုတော့ ဘာထိရောက်မှုရှိတော့မှာလဲ။

အောင်မယ် အထင်တော့မသေးလိုက်နဲ့။ တစ်ခါကသည်လိုပဲ ကိုယ့်ဘက်ပါအောင်စည်းရုံးဆွဲဆောင်ဖို့ ကြိုးစားဖူးတယ်။ ဘယ်သူ့ကိုထင်သလဲ။ ကျွန်တော့်အဖေနဲ့အမေကိုလေ။ ရယ်ကြမလားမသိဘူး။ သူစိမ်းတစ်ယောက်မဟုတ်ဘဲ ကိုယ့်မိသားစုကို ကိုယ်ပညာပေးနိုင်ရဲ့လားလို့ စမ်းသပ်ကြည့်တာလေ။

သူတို့က ခြင်ကိုက်ရင်ခြင်ဆေးခွေထွန်းတတ်တဲ့အကျင့်ရှိတယ်။ ခြင်ဆေးခွေကထွက်တဲ့ မီးခိုးတလူလူအငွေ့ကို သူတို့မို့ရှူရှိုက်နိုင်တယ်။ ကျွန်တော်ကခြင်ဆေးနံ့ကို မခံနိုင်ဘူး။ မကြိုက်ဘူး။ ပြီးတော့ ဒီခြင်ဆေးနံ့ကိုရှူမိရင် ကင်ဆာဖြစ်တတ်တယ်လို့လည်း ဖတ်ဖူးတယ်။ သည်တော့ ကျွန်တော်က အဖေတို့အမေတို့ကို စိုးရိမ်စိတ်နဲ့သတိပေးတားမြစ်တာပေ့ါလေ။ အံမယ် သူတို့က ဘာပြန်ပြောတယ်ထင်သလဲ။

'အဲဒါဆိုရင် ဘာဖြစ်လို့ခြင်ဆေးခွေထုတ်သလဲ' တဲ့။ သွားရော။ ကျွန်တော်

**စာမျက်နှာ ၉ သို့ -**

# စမ်းဖရပမာ



## လေးမိမိစိုး

တကယ်ဆိုတော့ မေမေငိုချလိုက်ဖို့ မကောင်းပါ။ ဒါပေမဲ့ အမြဲလိုလိုမေမေက စိတ်ပျော့နူးညံ့သူ။ ကျွန်မကသာ အားပေးနှစ်သိမ့်ရသူပင်။ မှတ်မိပါသေးသည်။ ကျွန်မက ဆရာဝန်အရမ်းဖြစ်ချင်ခဲ့ပြီး ဆယ်တန်းမှာစာကို ရူးမတတ်ကြိုးစားခဲ့ပေမဲ့ တက္ကသိုလ်ဝင်ခွင့်များထွက်လာသည့်အခါ ဆေးတက္ကသိုလ်ဝင်ဖို့ သုံးမှတ်အလိုနှင့် စက်မှုတက္ကသိုလ်သာတက်ခွင့်ရခဲ့သည်။ ထိုစဉ်က တက္ကသိုလ်ဝင်ခွင့်များကို သထုံလမ်းရှိ အဆင့်မြင့်ပညာဦးစီးဌာနတွင်သွားကြည့်ကြရသည်။ သားသမီးများအရေးဆို အမြဲရှေ့တန်းကတက်ကြွသူမေမေက ငါ့သမီးလေး ဆေးကျောင်းတက်ရပြီဟု ပိုင်ပိုင်နိုင်နိုင်ကြွားနိုင်ဖို့အရေးဝင်ခွင့်သွားအကြည့်မှာ ကျွန်မနှင့်အတူပါလာခဲ့သည်။ ကံမကောင်းလှစွာ ဆေးတက္ကသိုလ်တက်ခွင့်ရသူများစာရင်းမှာ ကျွန်မပါမလာသောအခါ ယခုကဲ့သို့ပင် ရောက်သည့်နေရာတွင် ထိုင်ပြီးငိုချလိုက်သူမှာ မေမေပင်ဖြစ်သည်။ ထိုစဉ်ကလည်း ကာယကံရှင်ကျွန်မက မေမေ့ကိုပြန်၍အားပေးနှစ်သိမ့်ခဲ့ရသည်ပင်။ ချစ်သောသမီးငယ်၏ဝါသနာနှင့် ဘဝအရေးအတွက်ကိုပင် ထိုမျှလောက်မေမေခံစားရပါလျှင် ယခုလိုသေရေးရှင်ရေးတွင် မေမေငိုသည်မှာ အဆန်းတော့မဟုတ်ပါ။ စိတ်ထဲမှာတော့ ကလေးရော၊ အမေပါ အသက်အန္တရာယ်ရှိတယ်၊ ငါးဆယ် ငါးဆယ်ပဲဟု မေမေ့ကိုမှလာပြောသူ ဆရာဝန်ပေါက်စလေးကိုကျိတ်၍ စိတ်တိုနေမိသည်။ ပြီးမှ အင်း- သူတို့လည်းလူနာရှင်ကို ဒီလိုမှအသိမပေးလို့ မဖြစ်ဘဲဟုပြန်တွေးရသည်။

'မေမေ သမီးဘာမှမဖြစ်ဘူးသိလား။ မေမေ စိတ်အေးအေးထားနော်'

'ဟင့်အင်း မေမေကြောက်တယ်'

'ဘာမှ မကြောက်နဲ့မေမေ။ ဒီဆရာဝန်မကြီးက သိပ်ကျွမ်းကျင်တာ။ သမီးလိုလူနာတွေ သူအများကြီးမွေးပေးခဲ့ဖူးပြီးသား။ ဗိုက်ထဲက မေ့မေ့မြေးလေးကိုသာ မေမေဆုတောင်းပေးနော်'

× × ×

ဆရာဝန်မလေးက ကလေးရော အမေပါ အသက်အန္တရာယ်ရှိတယ်။ သိရှိကြောင်းလက်မှတ်ထိုးဟု လက်မှတ်လာထိုးခိုင်းအပြီးမှာ သမီးကိုခွဲစိတ်ခန်းဝတ်စုံအစိမ်းကြီး လာဝတ်ပေးကြပြီး တွန်းလှည်းပေါ်တင်ခေါ်သွားကြသည်။ ဝမ်းနည်းအားငယ်စွာ ငိုချလိုက်သူအမေ့ကို ခွဲခန်းထဲဝင်ရ မည့်သူ့သမီးလေးက အားပေးသွားသေးသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် သမီး၏အမျိုးသားက ဂျူးဒိတ်ဝေးသေးတယ်ဟုဆိုကာ မနေ့ကပင်ခရီးထွက်သွားသည်။ သမီးတို့အဖေကလည်း အစည်းအဝေးတစ်ခုရှိတယ်ဆိုကာ ထွက်သွားသည်။ ဆေးခန်းကိုလာခါစက ဒီလောက်အရေးကြီးမည်ဟုမထင်။ ဆေးခန်းမှာ (Ultrasound) ရိုက်ပြီးမှ ချက်ချင်းခွဲရမည်။ မခွဲလျှင် ကလေးရော၊ မိခင်ပါ အသက်ကိုတာဝန်မယူ။ ခွဲမွေးလျှင်တောင် မိခင်ရော၊ ကလေးပါ ၅၀း၅၀ပဲဟု သိလိုက်ရခြင်းဖြစ်သည်။ ထို့ကြောင့် သမီးခွဲစိတ်ခန်းဝင်သွားချိန်တွင် အပြင်မှာအမေတစ်ယောက်တည်း အားငယ်ထိတ်လန့်စွာ ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။

ဘုရား၊ ဘုရား သမီးလေးရော၊ ရင်သွေးငယ်လေးပါ အဆင်ပြေချောမွေ့စွာ မွေးမြူနိုင်ပါစေ။ ကလေးကိုမရခဲ့လျှင်တောင်နေပါစေ၊ သမီးကိုတော့ အဆုံးရှုံးမခံနိုင်ပါ။

'ဟဲလို အဖေကြီးလား။ အဖေကြီး သမီးလေးက ခွဲခန်းထဲဝင်သွားပြီ။ အမြန်လာခဲ့ပါ။ ခုချက်ချင်းလာခဲ့နော်'

'ဟဲလို ညီမလေးလား၊ မမကြီးပါ။ နင့်တူမလေးက ခုချက်ချင်းခွဲမွေးရမယ်တဲ့။ အသက်အန္တရာယ်ရှိတယ်တဲ့။ ခုချက်ချင်း ဒီဆေးရုံကိုလိုက်ခဲ့ပါနော်။ အမြန်လာခဲ့ပါ ညီမရေ၊ မမကြီးကြောက်လို့ပါ'

ဖုန်းကိုင်ထားသောလက်က တဆတ်ဆတ်တုန်ယင်နေသဖြင့် အခြားလက်တစ်ဖက်ဖြင့် လက်ကောက်ဝတ်ကိုဆုပ်ကိုင်ထားရသည်။ ဆယ်မိနစ်ခြားတစ်ခါလောက် အိမ်သာကိုလဲ အပြေးဝင်နေရသေးသည်။ ကြောက်သေးပါတယ် ပြောချင်ပြောပါတော့။ သမီးလေးနေရာမှာ မိမိကိုယ်တိုင်ဖြစ်လျှင်တောင် ဒီလောက်ထိတ်လန့်မိလိမ့်မည်မထင်။ သမီးလေး ဘာမှမဖြစ်ပါစေနဲ့။

× × ×

သွေးတွေ၊ သွေးတွေက ကိုယ်ပေါ်ကိုကျော်ချထားသောပိုက်ကတစ်ဆင့် မြင်နေရသည်။ ကြောက်တတ်သူလဲမဟုတ်ပါဘဲ ခြေဖျားလက်ဖျားများ အေးစက်လာခဲ့သည်။ အိုဂျီ (OG) ကြီးကပါးစပ်က တရစပ်ညွှန်ကြားရင်း လက်များကလည်း ဇယ်ဆက်သလို လှုပ်ရှားနေသည်။ မကြာမီပင် ရင်ထဲမှဟာကနဲခံစားချက်နှင့်အတူ သားငယ်လေးရဲ့ ကမ္ဘာမြေကိုနှုတ်ဆက်လိုက်သံက စူးစူးဝါးဝါးထွက်ပေါ်လာသည်။

'အူဝဲ. . . .အူဝဲ'

'ဟာ ကောင်းတယ်ဟေ့။ ဒီကောင်သန်သားပဲ'

ဆရာမကြီး (OG) ၏မှတ်ချက်ချသံကိုကြားလိုက်ရပြီးနောက် စိတ်အေးသွားရသလို သားရဲ့ငိုသံလေးကိုကြည်နူးစွာ လိုက်နားထောင်နေမိသည်။ အို ခေါင်းတွေမူးနောက်လာပါလား။ ကိုယ်ထဲက တစိမ့်စိမ့်ချမ်းတက်လာသလို အပေါ်အောက်မေးဖျားများကလည်း တဂတ်ဂတ်နှင့်ရိုက်လို့လာသည်။

'ဟဲ့ လုပ်ကြပါဦး။ Pressure ကထိုးကျသွားပြီ။ ခြောက်ဆယ်သုံးဆယ်ပဲရှိတော့တယ်'

'သတိမလစ်စေနဲ့ ခေါ်နေ၊ ခေါ်နေ'

'သမီး သမီး သတိမလစ်စေနဲ့။ အံကြိတ်ထားနော်။ နာမည်ဘယ်လိုခေါ်လဲ။ လျှာထုတ်ပြပါဦး'

မေ့ဆေးဆရာဝန်ကြီးက သတိမလစ်စေရန် အမျိုးမျိုးခေါ်နေသည်။ တဆတ်ဆတ်တုန်ရီနေသည့်ကြားက ဆရာဝန်ကြီးတို့၏အမေးများကို သတိထား၍ဖြေနေမိသည်။ အစွမ်းထက်လှသည့် ထုံဆေးကြောင့် ဘယ်လိုနာကျင်မှုမျိုးကိုမှ မခံစားရပါဘဲလျက် အသက်ရှူလို့မဝဖြစ်လာသည်။

'သွေးသွင်းမယ်။ သွေးရပြီလား။ အဆင်သင့်ဖြစ်ပြီလား။ ကလေးဆရာဝန်ရောက်ပြီလား။ မရောက်သေးရင် ဖုန်းထပ်ဆက်လေ။ ထားခဲ့၊ ထားခဲ့ ကလေးကဘာမှမဖြစ်ဘူး။ ဒီမှာသွေးသွင်းဖို့ကို လာကူဦး'

ချက်ချင်းခွဲစိတ်ရတာဖြစ်သည့်အတွက် ဘယ်ဟာမှအဆင်သင့်ဖြစ်မနေဘူးနဲ့တူတယ်။ ကလေးဆရာဝန်ကလည်း ချက်ချင်းခေါ်ရတာမို့ လာမှလာပါ့မလား။

'သမီးရေ အသက်ကိုရှူနော်။ အောက်ဆီဂျင်ပိုက်တပ်ပေးမယ် ရပြီလား။ အသက်ရှူလို့ကောင်းသွားပြီလား။ ဆရာမကြီးကို ခေါင်းငြိမ့်ပြပါဦး'

'မရဘူး၊ မရဘူး။ အသက်ကယ်ဆေးအွန်လိုက်တော့'

ဆေးတွေကလက်မှာလည်း သွင်းထားသည်။ တင်ပါးမှာလည်း လာလာထိုးနေသည်။ ပါးစပ်ထဲကိုလည်း ဝါးစားလိုက်ဟုဆိုကာ လာခွံ့နေသည်။ ဘာတွေမှန်းတော့မသိ။ တချို့ကိစ္စတွေကို သူတို့အင်္ဂလိပ်လိုပြောနေသည်။ သားအိမ်နံရံက သွေးကြောများ ထိန်းလို့မရတော့ဘူးလို့တော့ နည်းနည်းနားလည်သည်။ အားလုံးတော့ လုံးစေ့ပတ်စေ့နားမလည်ပါ။ ခေါင်းထဲမှာလည်း ပန်ကာလည်သလို ဝီဝီမြည်သံနှင့်တကွ ချာလပတ်လည်နေသည်။ ကွင်းလျှောထဲထည့်ထားရသော လက်တို့ကလဲ မေးဖျားရိုက်သံလိုပင် တခြမ်းခြမ်းရိုက်နေသည်ကိုထိန်းလို့မရ။ အရမ်းမောလှသည်။ သား သားရေ မေမေသေလို့မရသေးဘူး။ သားကခုမှ လူ့လောကထဲဝင်ခါစရှိသေးသည်။ ကိုယ်ကသားအကြောင်းကို တွေးလိုက်မိလို့ပဲလား၊ သားကိုပြုစုနေသည့် နာ့စ်မလေးကသားကိုထားခဲ့ပြီး ကိုယ့်ကိုအသဲအသန် အသက်လုနေ

စာမျက်နှာ ၉ သို့ -

## စက်မှုဝန်ကြီးဌာနမှ ချမှတ်ထားသည့် စက်မှုကဏ္ဍဆိုင်ရာမူဝါဒ

(၁) ခေတ်မီစိုက်ပျိုးရေးကိုအခြေခံ၍ စက်မှုနိုင်ငံတော်အဆင့်သို့ တက်လှမ်းရေး၊ လယ်ယာအခြေခံစက်မှုလုပ်ငန်းများ၊ လယ်ယာထုတ်ကုန်တန်ဖိုးမြှင့်ထုတ်လုပ်သည့်လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်တိုးတက်စေရေးနှင့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်ရင်း အကြီးစားစက်မှုလုပ်ငန်းများ ဆက်လက်ထူထောင်ရေး။

(၂) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်ပြီး အကြီးစားစက်မှုလုပ်ငန်းများအား ဆက်လက်ထူထောင်ခြင်းဖြင့် သွင်းကုန်အစားထိုးထုတ်ကုန်နှင့် ပြည်ပပို့ထုတ်ကုန်များ တိုးမြှင့်ရန်အတွက်ဆောင်ရွက်ရေး။

(၃) စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍ၊ အစိုးရနှင့်ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုကဏ္ဍပိုမိုမြှင့်တင်ရေးကို ဦးစားပေးပြီး၊ နည်းပညာ၊ အတတ်ပညာနှင့် ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်၍ ပူးပေါင်းဆောင်ရွက်ရေး။

(၄) ပြည်တွင်းရှိသယံဇာတ ကုန်ကြမ်းပစ္စည်းများကို ထိရောက်အကျိုးရှိစွာ အသုံးပြုပြီး တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရေး။

### ရည်မှန်းချက်

(၁) ခေတ်မီစိုက်ပျိုးရေးကိုအခြေခံသော ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြိုးပမ်းရမည်။

(၂) နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလုပ်ကိုင်ခွင့်ရှိစေရန်အတွက် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ရမည်။ ၄င်းမှတစ်ဆင့် လိုအပ်မည့် အကြီးစားစက်မှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရမည်။

## စာမူနှင့် သတင်းများ ဖိတ်ခေါ်ပါသည်

**ရွှေစက်မှုဂျာနယ်တွင် ထည့်သွင်းဖော်ပြနိုင်ရန်အတွက် နည်းပညာဆိုင်ရာ ဆောင်းပါးများ၊ ထုတ်လုပ်မှုလုပ်ငန်း အတွေ့အကြုံများ၊ နည်းပညာဆိုင်ရာ Internet သတင်းများ၊ သုတ၊ ရသ၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဟာသ စာမူများနှင့် စက်ရုံနယ်မြေအလိုက်သတင်းများ၊ သတင်းဓာတ်ပုံများကို ဂျာနယ်တိုက်သို့လည်းကောင်း၊ shwesethmu@ gmail. com သို့ လည်းကောင်း ပေးပို့နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။**

**စာမူများပေးပို့ရာတွင် ကိုယ်တိုင်ရေး စာမူဖြစ်ကြောင်း၊ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ အမည်ရင်း၊ ကလောင်အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရန်ဖုန်းနှင့်လိပ်စာတို့ကို ဖော်ပြပေးပို့သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။**

**(ရွှေစက်မှုဂျာနယ်)**

**စာမျက်နှာ ၇ မှ -**

ဘာထပ်ပြောနိုင်တော့မှာလဲ။ သူတို့ထိုက်နဲ့သူတို့ကံပဲလေ။ (ကိုယ်လိုသားတစ်ယောက်ကပြောတာကို သူတို့မလိုက်နာနိုင်တာပဲလား) သူတို့ကဘာကိုမှ ကြောက်နေတာမဟုတ်ဘူး။ အလုပ်လုပ်နေရင်း အနားမှာခြင်ဆေးခွေထွန်းပြီး အားရပါးရရှူချင်ရှူနေတာ။ ကုလားထိုင်အောက်မှာ ခြင်ဆေးခွေထွန်းပြီး ကုလားထိုင်မှာထိုင်ရင်း ငြိမ်ငြိမ်သက်သက် တွေးချင်တွေးနေတာ။ ခြင်ဆေးနံ့က ရလာမယ့်ရောဂါကနောက်မှ။ အခုခြင်ကိုက်ခံရတာကို သူတို့မခံနိုင်ဘူးလေ။ ခြင်ဆေးခွေတွေ ဘာလို့ထုတ်သလဲဆိုရင် ဒါကစီးပွားရေးပဲလေ။ သူတို့အတွက် အကျိုးအမြတ်ရရင် ဘယ်သူသေသေ၊ ငတေမာရင်ပြီးရောမဟုတ်လား။ သွားအပြစ်တင်နေလို့မှမရဘဲ။ ကိုယ်က အကျိုးအပြစ်တွေကို သိထားပြီဆိုရင် ရှောင်နိုင်အောင် ရှောင်ရမှာပဲလေ။ ခြင်ဆေးခွေအစား တခြားခြင်ပြေးနိုင်မယ့် နည်းလမ်းတစ်မျိုးမျိုးကို လမ်းညွှန်ပေးရမှာပါပဲ။ သူတစ်ပါးကို စည်းရုံးဆွဲဆောင်ပြီး ပညာပေးရတာဘယ်လောက်တောင်ခက်သလဲဆိုတာ အဲသည်ကတည်းက ကျွန်တော်သိလိုက်ရပါတယ်။

အဲ ကိုယ်ကတစ်ခုစည်းရုံးလို့ရတာရှိသေးတယ်။ ကလေးတွေလေ။ အိမ်ကကျွန်တော့ညီကို စာကျက်တဲ့အခါခြင်ကိုက်မှာစိုးလို့ ပုဆိုးရှည်ရှည်ဝတ်ထားပေးလိုက်တယ်။ လေရမယ့်နေရာမှာ ပြတင်းပေါက်တွေဖွင့်ပြီး စာကျက်ခိုင်းလိုက်တယ်။ သည်လိုဆိုရင် ခြင်မကိုက်ဘူးလားဆိုတော့ ကိုက်တော့ကိုက်တာပဲ။ ခြင်က အမှောင်ထဲမှာချည်း ကိုက်တာမဟုတ်ဘူး။ အလင်းရောင်ရှိတဲ့နေရာမှာလည်း တဝီဝီပျံသန်းပြီး ကိုက်ဖဲ့နေတာပဲ။ သည်လိုဆိုတော့ ခြင်ဆေးခွေထွန်းကို ထွန်းရတယ် ကိုယ့်ဆရာရေ။ နောက်ဆုံးတော့လည်း မောင်မင်းကြီးသား ကျွန်တော်ဘာတတ်နိုင်သေးလဲ။ တစ်ခုပဲရှိတယ်။ ခြင်ဆေးခွေကို လူအနားမှာမထားဘဲ ခပ်လှမ်းလှမ်းမှာထားပေးရတယ်။ သည်လိုနဲ့ ရောဂါနဲ့ နည်းနည်းဝေးလိုဝေးငြားပေါ့လေ။ ဒါပေမဲ့ ဘယ်သိနိုင်ပါ့မလဲ။ အဆိပ်ငွေ့တွေက လေထုထဲမှာ ပျံ့နှံ့နေတာမဟုတ်လား။

တွေ့လား။ လူတစ်ယောက်ကို စည်းရုံးရတာထက် ကိုယ့်ကိုယ်ကိုယ်ပြန်စည်းရုံးဖို့က ပိုတောင်ခက်သေးတယ်။ လူ့စိတ်ဆိုတာကလည်း တစ်ခါတစ်လေမှာ ကိုယ့်ကိုယ်ကိုယ်အလျှော့ပေးတတ်တာ ထုံးစံပါပဲလေ။

**စာမျက်နှာ ၈ မှ -**

ကြသည့် နေရာကိုလာကူလို့ပဲမသိ၊ သားလေးက တဝါးဝါးနှင့်ထငိုလိုက်ပြန်သည်။

သားဆီကိုပဲ ပြန်သွားကြပါ။ ခုမှမိခင်ဗိုက်ထဲကဆွဲထုတ်လိုက်တဲ့ ကလေးလေးအဖို့ နွေးထွေးတဲ့ယုယပိုက်ထွေးမှုက အရေးတကြီးလိုနေမှာမဟုတ်ဘူးလား။ သားရဲ့လူ့ဘဝအစလေးမှာ ပိုက်ထွေးမည့်သူမရှိ၊ အားငယ်ဝမ်းနည်းစွာ အစပြုရခြင်း မဖြစ်စေလိုပါ။

ကလေးဆရာဝန်ကြီးရောက်လာရင် သားကို အဆုတ်အားကောင်းဆေးတစ်လုံး ထိုးပေးရဦးမည်ဟု ခွဲခန်းထဲမဝင်ခင်ကသိထားသည်။ မိမိကို အသက်လုနေရသဖြင့် သူတို့ခလေးမေ့နေကြမှာစိုးလှသည်။ ခုချိန်ထိ သားငယ်လေးကို ပေါင်မချိန်ရသေး။ ကိုယ်အင်္ဂါအစိတ်အပိုင်းများ



စုံလင်စွာနှင့် ကျန်းကျန်းမာမာ၊ ထွားထွားကျိုင်းကျိုင်းရှိတယ်ဆိုတာလေးကို ကြားချင်လှပါပြီ။

အသက်ကယ်ဆေးတွေကို ခဏထားလို့ ကျွန်မသားလေးကို အနှီးဖြူဖွေးဖြင့် ပိုက်ထွေးကာသာ လာပြကြပါလေ. . .။

× × ×

ဓမ္မသုတ

# အသိမှန်မှ အမှန်သိမယ် (၁၂)



မောင်ညာဏ် (ရုံးချုပ်)

တစ်နေ့သ၌ ကျွန်ုပ်သည် အချိုရည်ဗူးများနှင့်ကိတ်ခြောက်အချို့ကိုဝယ်ယူကာ ကန်ကျောင်းသို့ ထွက်လာခဲ့လေ၏။ ကျောင်းသို့ရောက်သော် ဦးပဉ္စင်းတစ်ပါးအားတွေ့သဖြင့် ဆရာတော်အားမေးရာ၊ ဆရာတော်အခန်းအတွင်းတွင်ရှိကြောင်း၊ ဒကာကြီးလာကြောင်းလျှောက်ထားပေးမည်ဟုပြောလေ၏။ ကျွန်ုပ်လည်း ကျက်သရေခန်းရှိ ဗုဒ္ဓရုပ်ပွားတော်အား ရှိခိုးကန်တော့ပြီး ထိုင်နေလိုက်၏။

မကြာမီ ဆရာတော်ကြွလာပြီး-

ဆရာတော် - ဒကာကြီး ရောက်လာပြီပေါ့။ အလုပ်အကိုင်ကော အဆင်ပြေရဲ့လား။

ကျွန်ုပ် - မှန်ပါ့ဘုရား။ ပုံမှန်ပါပဲဘုရား။

ဆရာတော် - သမ္မာအာဇီဝ ကျပါစေဒကာကြီး။

ကျွန်ုပ် - တင်ပါ့ဘုရား။

ကျွန်ုပ်လည်း ဝယ်လာသောလှူဖွယ်ပစ္စည်းများကို ဆရာတော်အား ကပ်လှူလိုက်လေသည်။

ဆရာတော် - ဒကာကြီး မေးစရာတွေပါလာတယ် ထင်ပါ။ မေးပါ ဒကာကြီး။

ကျွန်ုပ် - တင်ပါ့ဘုရား။ အရှင်ဘုရား သင်္ဂါယနာတင်တယ်ဆိုတာ ဘာကိုပြောတာလဲဘုရား။

ဆရာတော် - ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ ဝိနည်း၊ သုတ္တံ၊ အဘိဓမ္မာစတဲ့ တရားတော်ပိဋကပ်သုံးပုံကို အပိုအလိုမရှိ၊ မဖောက်မပြား၊ မမှားမယွင်း၊ မတိမ်းမစောင်းစေရန် စီစစ်မေးမြန်းဖြေကြားပြီး သံဃာတော်အပေါင်းတစုတဝေးတည်း တညီတညွတ်အသိအမှတ်ပြုရွတ်ဆိုပူဇော်ကာ သာသနာတော် အဓွန့်ရှည်ရေးနှင့် သာသနာတော်သန့်ရှင်းရေးပြုတဲ့သဘောပဲ ဒကာကြီး။

ကျွန်ုပ် - ဘာ့ကြောင့် သင်္ဂါယနာတင်ရတာလဲဘုရား။

ဆရာတော် - သာသနာတော်ကြီးမှာ ဝိနည်းဆောင်သံဃာတော်တွေ နည်းပါးလာသောအခါ၊ မြတ်စွာဘုရားချမှတ်ခဲ့သော သေးငယ်သည့် ဝိနည်းတော်များမှအစ မရိုမသေပြုမူလုပ်ဆောင်ပြောဆိုလာသောအခါ၊ ဝိနည်းတော်များကို ပြုပြင်ပြောင်းလဲထုတ်ပယ်ရန် ကြိုးစားထိပါးလာသောအခါ၊ သာသနာကွယ်စေနိုင်သောအကြောင်းကိစ္စရပ်များ ဖြစ်ပေါ်လာသောအခါ၊ သာသနာတော်ကြီးဘေးရန်ကြုံလာသောအခါ၊ ညစ်ပေသော၊ မှားယွင်းသောအယူအဆများ၊ မှားယွင်းသောကိုးကွယ်မှုများ၊ သာသနာ့အညစ်အကြေးများကင်းစင်၍ သာသနာတော်ကြီးသန့်ရှင်းအောင် ပညာရှိထေရ်ကြီးဝါကြီးများဦးဆောင်ကာ သင်္ဂါယနာပွဲကျင်းပရတယ် ဒကာကြီး။

ကျွန်ုပ် - သာသနာ့သမိုင်းတစ်လျှောက် သင်္ဂါယနာဘယ်နှစ်ကြိမ်တင်ခဲ့ကြပါသလဲ ဘုရား။

ဆရာတော် - (၆) ကြိမ်တိုင်တိုင် သင်္ဂါယနာတင်ခဲ့ကြရတယ် ဒကာကြီး။

ကျွန်ုပ် - အရှင်ဘုရား သင်္ဂါယနာ (၆) ကြိမ် တင်ခဲ့ရပုံအကြောင်းလေး ဟောကြားပေးပါဘုရား။ ဗဟုသုတအဖြစ်လည်းကောင်း၊ နောင်လာနောက်သား သားသမီးများမေးလာခဲ့လျှင် မသိဘူးမရှိရလေအောင် သနားသဖြင့် ဟောကြားပေးတော်မူပါဘုရား။

ဆရာတော် - ဦးပဉ္စင်းသိသလောက် ဟောကြားပေးပါ့မယ်။ ဒီအကြောင်းဟောရရင် ပထမဦးစွာမြတ်စွာဘုရားစတင်ဖွဲ့စည်းခဲ့တဲ့ အဖွဲ့အစည်းအကြောင်းလေး အရင်ရှင်းပြမယ်။ ဒါမှဘုရားရှင်ဖွဲ့စည်းခဲ့တဲ့ အဖွဲ့အစည်းက ဘယ်လိုအဖွဲ့အစည်းလဲဆိုတာ သဘောပေါက်မယ်။

ဦးပဉ္စင်းတို့အဖ မြတ်စွာဘုရားဟာ ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနမ်၊ အဿဇိဟူသော ငါးဦးသောသူတို့အား ဓမ္မစက္ကပဝတ္တနသုတ်တော်နဲ့ အနတ္တလက္ခဏသုတ်တော်တို့ကိုဟောကြားပြီး၊ ထိုငါးဦးသောရဟန်းတို့နှင့် သံဃအဖွဲ့အစည်းကို စတင်ဖွဲ့စည်းခဲ့တယ်။ အဲဒီအချိန်တုန်းက ဘာဝိနည်းစည်းကမ်းမှမရှိသေးဘူး။ နောက်မှ သံဃအဖွဲ့အစည်းအတွင်းကို တစ်ဦးတစ်ယောက်ချင်းမှ အစုလိုက်ဝင်ရောက်လာခဲ့ကြသူများ တဖြည်းဖြည်းများပြားလာပြီး သံဃအဖွဲ့အစည်းဟာ ကျယ်ပြန့်လာခဲ့တယ်။ သံဃာတော်များလာသည်နှင့်အမျှ သီလ၊ သမာဓိ၊ ပညာနှင့်ပြည့်စုံသော သံဃအဖွဲ့အစည်းဖြစ်ရန် ဝိနည်းသိက္ခာပုဒ်တော်တို့ကို အရေးကိစ္စကြုံလာမှ သက်ဆိုင်ရာဝိနည်းစည်းကမ်းဥပဒေတို့အား အကျိုးအပြစ်တို့ကို ထောက်ပြ၍ တစ်ခုခြင်းချမှတ်တားမြစ်တော်မူခဲ့တယ်။ ဝိနည်းတော်များကလည်း ကျမ်းကြီးငါးကျမ်းနှင့် သိက္ခာပုဒ်ပေါင်း ၂၂၇ ခု၊ အကျယ်ချဲ့ရင် ကုဋေကိုးထောင်ကျော်ရှိသောကြောင့် ကမ္ဘာပေါ်ရှိ နိုင်ငံတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေတို့ထက် များပြားကျယ်ဝန်းနက်ရှိုင်းလှတယ် ဒကာကြီး။ ကမ္ဘာတွင် အစောဆုံးသော အဖွဲ့အစည်းဆိုင်ရာ ဥပဒေသတွေပဲ။ ဒီလိုဗုဒ္ဓဘုရားရှင် စနစ်တကျဖွဲ့စည်းထားသော သံဃအဖွဲ့အစည်းကို သင်းခွဲဦးဆောင်ရန် ဒေဝဒတ်ကတောင်းဆိုခဲ့တယ်။ ဒေဝဒတ်နှင့် သူ၏နောက်ပါသံဃာအချို့က မလိုအပ်သောသိက္ခာပုဒ်တို့အား ထပ်ဖြည့်ရန်နှင့် သူတို့မနှစ်သက်သောသိက္ခာပုဒ်အချို့အား ပယ်ဖျက်ပေးရန် ဘုရားရှင်ထံတောင်းဆိုခဲ့တယ်။ ဗုဒ္ဓဘုရားရှင်က ခွင့်ပြုတော်မမူခဲ့ဘူး။

ဘုရားရှင်ပရိနိဗ္ဗာန်စံတော့ ရဟန်းအချို့ ဗုဒ္ဓပညတ်တော်မူခဲ့သော ဝိနည်းတော်များအပေါ် မထီမဲ့မြင်ပြုမူပြောဆိုကြသောကြောင့် ပထမသင်္ဂါယနာကျင်းပရခြင်းဖြစ်တယ် ဒကာကြီး။ ပထမသင်္ဂါယနာကို မြတ်စွာဘုရားပရိနိဗ္ဗာန်စံလွန်တော်မူပြီး ၃ လအကြာမှာ အဇာတသတ်မင်း၏ ချီးမြှောက်မှုဖြင့် ရာဇဂြိုလ်ပြည် ဝေဘာရတောင် သတ္တပဏ္ဏိလိုဏ်ဂူဝ၌ မဟာကဿပအမှူးပြုကာ ရဟန္တာ ၅၀၀ တို့ဖြင့် ကျင်းပခဲ့ကြတယ်။

မြတ်စွာဘုရားပရိနိဗ္ဗာန်စံပြီး အနှစ် ၁၀၀ အကြာတွင် ဝဇ္ဇီတိုင်းသားရဟန်းတို့က ဝိနည်းတော်များကို လိုသလိုအဓိပ္ပာယ်ကောက်မှား၍ ကျင့်ကြံလာကြသောကြောင့် သာသနာတော်ကိုညှိုးနွမ်းရန် အကြောင်းဖြစ်လာခဲ့တယ်။ ဒါကြောင့် ဒုတိယသင်္ဂါယနာကို ဝေသာလီပြည် ဝါဠုကာရာမကျောင်းတိုက်၌ ကာလာသောကမင်း၏ချီးမြှင့်မှုကိုခံကာ ရှင်မဟာယသဦးစီးဦးဆောင်ပြုလျက် ရဟန္တာ ၇၀၀ တို့ဖြင့်ကျင်းပခဲ့တယ်။ သင်္ဂါယနာတင်ခြင်းဟာ ၈ လကြာခဲ့တယ်။ ဝဇ္ဇီတိုင်းသားရဟန်းတို့ကလည်း မိမိတို့နှင့်သဘောတူရာ ရဟန်းတော် ၁၀,၀၀၀ ကိုစုစည်းလျက် ကောသမ္ဗီပြည်တွင် သင်္ဂါယနာတင်ပွဲကျင်းပကြတယ်။ ဒီလိုနဲ့ပဲ ထေရဝါဒဂိုဏ်းနှင့် မဟာသံဃိကဂိုဏ်းဟူ၍ ကွဲပြားလာခဲ့ရတယ်။

သီရိဓမ္မာသောကမင်းလက်ထက်ရောက်တော့ သာသနာအထူးထွန်းကားသောကြောင့် ရဟန်းတော်တို့လာဘ်လာဘရှင်သည်ကိုမြင်သဖြင့် မိစ္ဆာအယူရှိသူတို့ သာသနာ့ဘောင်အတွင်းဝင်ရောက်ကာ တရားမဟုတ်သည်တို့ကို ကျင့်ကြံဟောကြားလာကြသောကြောင့် တတိယသင်္ဂါယနာတင်ကြရပြန်တယ်။ ဒုတိယသင်္ဂါယနာပွဲပြီးနောက် ၁၃၅ နှစ်အကြာ၌ သီရိဓမ္မာသောကမင်း၏ ချီးမြှောက်မှုကိုခံကာ ပါဋလိပုတ်ပြည်တွင် ရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ် ဦးစီးဦးဆောင်ပြုလျက် ရဟန္တာပေါင်း ၁,၀၀၀ ဖြင့် ၉ လကြာကျင်းပခဲ့ရတယ်။

အသောကမင်းဆက်လွန်သော် မိစ္ဆာအယူရှိသော မင်းနန်းတက်ခဲ့၍ သံဃာတော်များနှင့်ဗုဒ္ဓဘာသာဝင်တို့အား ညှင်းဆဲသတ်ဖြတ်မှုများ ပြုလုပ်ခဲ့ကြတယ်။ ဒါ

စာမျက်နှာ ၁၁ သို့ -

စာမျက်နှာ ၁၀ မှ -

ကြောင့် သံဃာအနည်းငယ်သာကျန်၍ တောတွင်း၌ ပုန်းခိုနေကြရတယ်။ အချို့ သံဃာတော်တို့ဟာ သီရိလင်္ကာနိုင်ငံ (သီဟိုဠ်) သို့တိမ်းရှောင်ခဲ့ကြရာမှ ဗုဒ္ဓပွင့်တော်မူရာဒေသတွင် သာသာနာမှေးမှိန်ခဲ့ပြီး (သီဟိုဠ်) တွင် သာသနာအထူးဖွံ့ဖြိုးတိုးတက်လာခဲ့တယ်။ ထိုဒေသတွင်လည်း ကြေးကုလားတို့ဆူပူမှုနှင့် ဝတ်မွတ်ခေါင်းပါးခြင်းတို့ကို အခွင့်ကောင်းယူ၍ မြတ်စွာဘုရားချမှတ်ခဲ့သော ဝိနည်းတော်တို့အား မရိုသေကြသည့် သံဃာအချို့က မိမိတို့လိုရာစွဲကာဝိနည်းတော်များကို တက္ကသဘာသာဖြင့်အသစ်ပြန်လည်ရေး၍ သင်္ဂါယနာတင်ကြတယ်။ ဒါကို တရုတ်ရဟန်းတစ်ပါးကကူးယူကာ တရုတ်ပြည်နှင့်တကွ ဂျပန်၊ ကိုရီးယား၊ တိဘက်နှင့် ဗီယက်နမ်နိုင်ငံတို့တွင် သာသနာပြု၍ မဟာယနဗုဒ္ဓဘာသာဟူ၍ပျံ့နှံ့ခဲ့တယ်။ ထို့ကြောင့် ရှေးအဆက်ဆက်ထေရ်ကြီးဝါကြီးတို့က ဗုဒ္ဓဘုရားရှင်ချမှတ်ခဲ့သော ဝိနည်းဒေသနာတော်များ မမှားမယွင်း၊ မပျောက်မပျက်ရလေအောင် ဝဋ္ဋဂါမဏိမင်း၏ချီးမြှောက်မှုကိုခံယူကာ အရှင်မဟာရက္ခိတအမှူးပြုလျက် ရဟန္တာ ၅၀၀ တို့ဖြင့် မလယဇနပုဒ် အာလောကလိုဏ်ဂူ၌ စတုတ္ထသင်္ဂါယနာကို တစ်နှစ်ကြာအောင် ကျင်းပခဲ့ကြတယ်။ ဒေသနာတော်များ အရှည်တည်တံ့ရန် ကျောက်ထက်အက္ခရာတင်ရေးခဲ့ကြတယ် ဒကာကြီး။

ပဉ္စမသင်္ဂါယနာတင်ပွဲကို မြန်မာနိုင်ငံ ရတနာပုံနေပြည်တော်တွင် မင်းတုန်းမင်းတရားကြီး (၁၈၅၂-၁၈၇၇) လက်ထက် ရွှေနန်းတော်ကြီးအတွင်း မြေနန်း၌ သာသနာတော်နှစ် ၂၄၁၅ ခု၊ ကောဇာသက္ကရာဇ် ၁၂၃၃ တန်ခူးလပြည့်ကျော် ၁၁ ရက် (၁၅. ၄. ၁၈၇၁) တွင် စတင်ကျင်းပခဲ့ပြီး ငါးလကျော်အကြာ ထိုနှစ်တော်သလင်းလပြည့်ကျော် ၁၄ ရက် (၁၂. ၉. ၁၈၇၁) တွင် ပြီးစီးအောင်မြင်ခဲ့တယ်။ သင်္ဂါယနာတင်ပွဲကို ဒက္ခိဏာရာမဘုရားကြီးတိုက် ဆရာတော် တိပိဋကဓရ မဟာဓမ္မရာဇာဂုရုဘွဲ့တံဆိပ်တော်ရ အရှင်ဇာဂရာဘိဝံသ မဟာထေရ်အမှူးပြု၍ သံဃာတော်ပေါင်း ၂,၄၀၀ ဖြင့်ကျင်းပခဲ့ကြတယ်။ မင်းတုန်းမင်းကြီးက ပိဋကတ်သုံးပုံကျောက်စာချပ်ပေါင်း ၇၂၉ ချပ်ရှိပြီး ကုသိုလ်တော်ဘုရားအတွင်း အုတ်ပြသဒ်ဂူငယ်များဖြင့် သေချာစွာထားရှိလေတယ်။

ဆဋ္ဌသင်္ဂါယနာကို မြန်မာနိုင်ငံ၊ ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသဏလိုဏ်ဂူတော်ကြီးတွင် (၁၇. ၅. ၁၉၅၄) ရက်က စတင်ကျင်းပခဲ့တယ်။ ညောင်ရမ်းဆရာတော်ဘုရားကြီး အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တရေဝတအမှူးပြုသော သံဃာတော် ၂,၀၀၀ တို့ဖြင့် ၂၄၅ ရက်ကြာ စုပေါင်းရွတ်ဆိုတည်းဖြတ်သုတ်သင်တော်မူခဲ့ကြတယ်။ အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ကြီးကမေး၍ ဦးဝိစိတ္တသာရာဘိဝံသ (မင်းကွန်းဆရာတော်ဘုရားကြီး) ကဖြေကြားတော်မူခဲ့ကြတယ် ဒကာကြီး။ ထူးခြားသည်က မြန်မာနိုင်ငံရှိရဟန်းတော်တို့သာမက မဟာယနဂိုဏ်းမှ ရဟန်းတော်များလည်း ပါဝင်ခဲ့ခြင်းပဲဖြစ်ပါတယ်။

ကဲ ဒကာကြီး၊ ဒါ သင်္ဂါယနာသမိုင်းအကျဉ်းပဲ။ အက္ခရာမတင်မီ သံဃာတော်တွေ ပိဋကတ်သုံးပုံကိုဘယ်လိုအန္တရာယ်၊ ဘယ်လိုအခက်အခဲတွေကြားက နှုတ်ငုံဆောင်ပြီး သံဃာတော်အဆက်ဆက်လက်ဆင့်ကမ်းခဲ့ပုံတွေကို ထပ်ဟောရရင် နောက်တစ်နေ့ကူးသွားလောက်အောင် ဟောရလိမ့်မယ် ဒကာကြီး။

ကျွန်ုပ် - တင်ပါ့ဘုရား။ ဒီလောက်နဲ့တင် ကျေးဇူးကြီးမားပါတယ်ဘုရား။ ဗဟုသုတလည်း များပါတယ်ဘုရား။ နောင်အခွင့်သင့်မှ ထပ်နာယူပါဦးမယ်ဘုရား။ အခုတော့ ဆရာတော်လည်း နားသင့်ပြီမို့ တပည့်တော်ကိုခွင့်ပြုတော်မူပါဦးဘုရား။

ဆရာတော် - ကောင်းပါပြီ ဒကာကြီး။

ကျွန်ုပ်လည်း ဆရာတော်အား ဦးခိုက်ကန်တော့ကာ ပြန်ခဲ့လေတော့သတည်း။

## ဝါဆိုကပ်ရန် စီဝရံ



K လဝါဆို ကရကင်း
ထူးမြတ်ဘိ ဒီရာသီ
သုံးလညီ တည်မယွင်း
သီတင်းရယ် သုံးတော်မူ
မြတ်တစ်ဆူ အရှိထားခဲ့
တပည့်သား များသံဃာတို့.....
K လေးပါးခေါ် ပစ္စည်းစု
ပေးလှူပြု ဒါယကာ
ဒါယိကာ ပေါင်းစုအားရယ်နှင့်
ကောင်းမှုပွား စီဝရံမှာ
ရည်သန်ကာ ကုသိုလ်တိုးအောင်
ခုလိုမျိုး နှီးဆော်ပါသည်
စိတ်ဝမ်းညီ ဒါနမှု
ပြုကြပါစို့။

သဟဇ (ပခုက္ကူ)

*The Golden Industrial Journal*

**အတိုင်ပင်ခံအယ်ဒီတာ**
ဒေါ်ခင်မာရီ

**အယ်ဒီတာချုပ်**
ဦးအောင်စိုးရ

**အယ်ဒီတာ**
ဦးခင်မောင်သိန်း
ဦးအောင်မျိုးခိုင်
ဦးသောင်းဦး
ဦးကျော်လှိုင်

**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
ဒေါ်သစ်သစ်အောင်

**ကွန်ပျူတာစာစီ**
ဒေါ်နှင်းသီတာ

**ထုတ်ဝေသူ**
ဦးအောင်စိုးရ
မှတ်ပုံတင်အမှတ် – ၀၄၆၅၉
လိပ်စာ – အခန်း ၂၂၊ တိုက် ၄၆၊
ပညာသိဒ္ဓိရပ်ကွက်၊ နေပြည်တော်

**ပုံနှိပ်တိုက်**
ရွှေနိုင်ငံ

**ပုံနှိပ်သူ**
ဦးမောင်မောင်လှ
မှတ်ပုံတင်အမှတ် – ၀၅၇၄၅
အမှတ် (၉၀) ကမ္ဘာအေးဘုရားလမ်း၊
ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်

**စောင်ရေ**
၆၅၅၀

**တန်ဖိုး**
၂၀၀ ကျပ်

**ဂျာနယ်တိုက်လိပ်စာ**
ရုံးအမှတ် (၃၀)
စက်မှုဝန်ကြီးဌာန
နေပြည်တော်။
ဖုန်း – ၀၆၇ ၄၀၅၀၅၁
E-mail
shwesethmu@gmail.com

**ဖြန့်ချိရေး**
စက်မှုဝန်ကြီးဌာန

# အတွင်းရေး



**စိမ်းစိုးဦး**

လျှို့ဝှက်ထောက်လှမ်းရေး 007 ဂျိမ်းစ်ဘွန်း ရုပ်ရှင်ဇာတ်ကားတစ်ခု၏အမည်မှာ 'ဖော်ယူအာအိုင်း(စ်)အုန်နလီး' ဖြစ်၏။ တိုက်ရိုက်လုံးကောက်အဓိပ္ပာယ်မှာ 'သင့်မျက်လုံးများအတွက်သာ' ဟုဖြစ်သော်လည်း သွယ်ဝိုက်အနက်မှာ 'ထိပ်တန်းလျှို့ဝှက်ချက်'၊ 'အခြားသူများ မတွေ့မမြင်၊ မသိစေရ' ဟုဆိုပါသည်။

စစ်သားလုပ်ဖူးသော ကျွန်တော်သည် လျှို့ဝှက်၊ ကန့်သတ်၊ အတွင်းရေး၊ သီးသန့်ဆိုသည့် စကားလုံးအသုံးတို့အရ စစ်ရေးစစ်ရာ၊ တပ်ရေးတပ်ရာ အသုံးတန်ဖိုးများ၊ ထိန်းသိမ်းစောင့်ရှောက်အပ်သည်များ၊ ရှိသေလေးစားရမှုများကို သိပါသည်။

လူတစ်ဦးချင်း၏ အတွင်းရေးများလည်း လေးနက်စွာရှိသေး၏။ စက်မှုသင်တန်းကျောင်း (ဆင်တဲ) တွင်တာဝန်ထမ်းဆောင်ဖူးသောကျွန်တော်သည် ကျောင်းရှိဂျာမန်စက်မှုပညာရှင်များ၏ လစာများမှာ 'သူတို့၏အတွင်းရေးကိစ္စ' ဟုသိရပါသည်။ ဂျီတီဇက်ခေါ် ဂျာမန်အကူအညီပေးရေးဝန်ကြီးဌာနနှင့်ဆွေးနွေးညှိနှိုင်း သဘောတူထားသည့်အတိုင်း လစာကိုစာအိတ်ထဲတွင်ထည့်၍သာပေး၏။ တာဝန်အကြီးအသေး အလေးအပေါ့နှင့်မဆိုင်ချေ။ အလုပ်ခန့်ထားစဉ်က ညှိနှိုင်းသဘောတူထားသည့် ကိန်းဂဏန်းအတိုင်းသာဖြစ်၏။ ကြေးစားတိုက်လိုက်ညှိ ပြောဆိုဝေဖန်စရာမလိုချေ။ 'လစာမှာ အတွင်းရေးကိစ္စ' ဟူ၏။

သူတစ်ပါးသိစရာမလို ထင်မြင်ယူဆချက်ပေးစရာမလိုချေ။ ဂျပန်လူမျိုးတို့သည် သူတို့၏အသက်ကို အတွင်းရေးဟုသဘောထားတတ်ကြသည်။ မစပ်စု၊ မမေးမြန်း၊ မစူးစမ်းအပ်သည့် ကိုယ်ရေးကိုယ်တာကိစ္စဟု သဘောထားသည်ဟုဆို၏။ မစူးစမ်း၊ မမေးမြန်းအပ်သော ကိုယ်ရေးကိုယ်တာ အတွင်းရေးတည်း။ မိမိဘာသာထုတ်ဖော်ပြောဆိုချင် ပြောဆိုပါမည်။ လိမ်ညာဖြီးဖြန်းပြောချင်လည်း ပြောပါမည်။ သို့သော် အခြားသူများမမေးမြန်း၊ မစူးစမ်းအပ်သော အတွင်းရေး၊ ကိုယ်ရေးကိုယ်တာကိစ္စဟု သဘောထားသည်ဆို၏။ မေးမြန်းစူးစမ်းစပ်စုပါက လူ့ယဉ်ကျေးမှုကိုနားမလည်၊ မယဉ်ကျေးသောအပြုအမူဟု သဘောထားကာ မကြိုက်တတ်ကြချေ။

ရခိုင်တိုင်းရင်းသားတို့၏ ရခိုင်ရိုးရာမိရိုးဖလာယဉ်ကျေးမှု အစဉ်အလာအရ မိဘတို့၏အမည်နာမများမှာ အတွင်းရေးဖြစ်ပါသည်။ သားဦး၊ သမီးဦး၊ သားသမီးအမည်များနှင့်သာ တွဲခေါ်ဆက်ဆံကြရ၏။ အဘယ်မျှအနုစိတ်၊ အသေးစိတ်သနည်းဆိုသော် ရယ်စရာကောင်းကာ နားလည်ရခက်ပါမည်။ သို့သော် ရခိုင်ရိုးရာအစဉ်အလာယဉ်ကျေးမှုတည်း။

တခုတ်တရ၊ တကူးတက၊ တခမ်းတနားထိန်းသိမ်းစောင့်ရှောက်ပါသည်။ ကလေးဘဝမှသည် အိမ်ထောင်သည်များဖြစ်လာကြသည်အထိ မိဘပေးနာမည်ရင်းအတိုင်း ခေါ်ဝေါ်ဆက်ဆံပြောဆို၍ရ၏။ သို့သော် ဇနီးဖြစ်သူတွင် ကိုယ်ဝန်အရင့်အမာအခြေအနေရှိလာပါက ဂုဏ်သိက္ခာအဆင့်အတန်းရှိသူဖြစ်သွားပြီး တလေးတစားဆက်ဆံရမည့် ဂုဏ်သိက္ခာရှိသူဖြစ်သွား၏။ ထိုအခြေအနေမှာ လူတိုင်းဂရုပြုအပ်သောအတွင်းရေးသဘော တန်ဖိုးတက်သွားသည်ဟု ဆိုနိုင်ပါသည်။

ဇနီး၏ကိုယ်ဝန်ကို အသိအမှတ်ပြု လေးစားသောအားဖြင့် မိဘပေးအမည်နာမအရင်းကို ဖော်ထုတ်မခေါ်ဝေါ်ကြတော့ချေ။ ယောက်ျားသားလေးကို တန်ဖိုးထားအလေးဂရုပြုသော ဗုဒ္ဓဘာသာဝင်များပီပီ ကိုယ်ဝန်ဆောင်ဇနီးမှာ မောင်ချေမိ၊ (ယောက်ျားသားလေးအမေ) လင်သားဖြစ်သူမှာ မောင်ချေဖ (ယောက်ျားသားလေးအဖေ) ဟုသာ ခေါ်ဝေါ်ဆက်ဆံကြတော့သည်။ မင်္ဂလာပြုခေါ်ဝေါ်မှုပင်။

ဤသည်မှာရခိုင်ရိုးရာယဉ်ကျေးမှုအစဉ်အလာဖြစ်ပါသည်။ သားလေးမွေးလျှင် မောင်ချေမိ၊ မောင်ချေဖအတိုင်းဆက်ခေါ်၍ သမီးဦးလေးမွေးပါက မချေမိ (မိန်းကလေးအမေ)၊ မချေဖ (မိန်းကလေးအဖေ) ဖြစ်သွား၏။ သားဦး၊ သမီးဦးနာမည်မထင်ရှား မပေါ်လွင်သေးသည်အထိ ထိုအတိုင်းဆက်သွား၏။

သားဦးအမည် ဘမောင်ဦး၊ သမီးဦးအမည် အေးမြနုဟူ၍ ရပ်ထဲရွာထဲတွင်လူသိများလာ၊ ထင်ရှားလာသောအခါ အခေါ်အဝေါ်ထပ်ပြောင်းပြန်၏။ ဘမောင်ဦးမိ၊ ဘမောင်ဦးဖဖြစ်သွားသလို၊ သမီးဦးနာမည်နှင့်တွဲကာ အေးမြနုမိ၊ အေးမြနုဖဟုအပြောင်းအလဲဖြစ်သွားပါသည်။ ထိုအပြောင်းအလဲမှာ အတည်တကျဖြစ်ကာသေသည်အထိတည်း။ သားဦးသမီးဦးတို့နာမည်နှင့်တွဲ၍ ခေါ်ဝေါ်ခံရသည်မှာ မိဘပေးနာမည်ရင်း ပျောက်သွား၊ မေ့သွားသည်အထိဖြစ်၏။

တွဲခေါ်စရာ သားဦး၊ သမီးဦးနာမည်ရှိပါလျက်နှင့် ငယ်နာမည်ကိုထုတ်ဖော်ခေါ်ဝေါ်ပါက ယဉ်ကျေးရာမရောက်ရုံမျှမက ရိုင်းရာပင်ကျ၏။ မထီမဲ့မြင်ပြုသလို သဘောထား၏။ မိဘလုပ်သူများက မကြိုက်။ မနှစ်မြို့သလို သားသမီးများကရိုသေလေးစားရသောမိဘများ၊ နာမည်ရင်းအတိုင်း ပေါ်တင်ကြီးခေါ်သည်ကို လုံးဝမကြိုက်ချေ။ စော်ကားခံရသလို ခံစားရပါသည်။

ရယ်စရာလိုဖြစ်ရသည်မှာ ရခိုင်ကလေးများ အချင်းချင်းရန်ဖြစ်၍ဆဲဆိုကြသည်မှာ ငယ်ပါများ၊ မအေနမများနှင့်ကိုင်တုတ်ဆဲဆိုခြင်းမဟုတ်ချေ။ သူဖက်ကိုယ့်ဖက် အဖေအမေနာမည်များကို ပေါ်တင်ကြီးထုတ်ဖော်အော်ဟစ်ကြမှုသာဖြစ်ပါသည်။ သို့သော် ရခိုင်ကလေးများမိဘနာမည်ကို ဖော်ထုတ်ခံရပါက ဆွေ့ဆွေ့ခုန်အောင်နာကျင်ခံခက် ဒေါသထွက်ပါသည်။

ထူးဆန်းသောယုံကြည်ရခက်သောအံ့ဖွယ်စိတ်ခံစားချက်ဖြစ်ပါမည်။ သို့သော် ထူးဆန်းခါမှနေရော ရခိုင်များမှာ ဤအတိုင်းပင်တည်း။ ကျွန်တော်လည်းရခိုင်ဖြစ်၍ အဖေအမေတို့အမည်နာမကို မလောက်လေးမလောက်စား ရန်ဖက်ကလေးပါးစပ်မှထွက်သည်ကို အလွန်စိတ်ဆိုးဒေါသကြီးတတ်ပါသည်။

ကျွန်တော့်မိသားစု၏ အတွင်းရေးဖြစ်သွားပေသကိုး။ ရခိုင်မှကျွန်တော့်အမေ ပြည်မသို့ရောက်လာ၍ သူ့မြေးများကိုစူးစမ်းမေးမြန်းသောအခါ ရခိုင်မကြီးကျွန်တော့်အမေ အံ့အားသင့်ပါသည်။ နင့်အဖေနာမည် ဘယ်သူတုန်းဆိုလျှင် မြေးနှစ်ဦးက ဘမောင်ဦးဟုပေါ့ပါးစွာဖြေကြ၏။ နင်တို့အမေနာမည်ကဆိုလျှင် မိုင်သက်ဝေ သွက်လက်စွာဖြေနိုင်၏။ ပေါ့ပေါ့ပါးပါးလေးပြောနိုင်၏။ အမေ့မြေးများမှာ ရခိုင်လေးများမဟုတ်ကြချေ။ ကျွန်တော်ငယ်စဉ်က အဖေအမေနာမည်များကိုမေးလျှင် မကြိုက်ချေ။ ဘုကြည့်ကြည့်ကာ မကြည်သလိုလုပ်တတ်ပါသည်။ ကျွန်တော်ငယ်စဉ်က အဖေအမေတို့နာမည်ရင်းကို တကယ်ပင်မသိချေ။ ဘမောင်ဦးမိ၊ ဘမောင်ဦးဖဟုသာသိ၏။ လူကြီးများမေးလျှင် ဤအတိုင်းသာဖြေတတ်၏။

အမေ့မှာ သူ့မြေးများကိုကြည့်ကာ အံ့သြရှာပါသည်။

'အင်း ငါ့မြေးတွေက ရခိုင်လေးတွေမှမဟုတ်တာ။ ဟုတ်တာပေါ့။ တို့ဆီမှာက လူနည်းတယ်။ အားလုံးကိုယ့်ရွာသားတွေချည်းပဲ။ ဒီမှာက လူတွေနင်းကန်များတယ်။ မိဘနဲ့ကွဲသွားရင် ကိုယ့်အဖေအမေနာမည်ကို မပြောပြတတ်လို့ ဘယ်ဖြစ်မလဲ။ ရခိုင်ကပုံစံမျိုးနဲ့ မကိုက်ဘူး။ ဒီလိုပြောတတ်ဆိုတတ်ရှိမှဖြစ်မှာဟဲ့။ ငါတော့ ငါ့မြေးတွေသွက်လက်ချက်ချာတာကိုကြိုက်တယ်။ သဘောကျတယ်။ သူ့အရပ်နဲ့သူ့ဇာတ်လေဟယ်' ဟုဆိုကာ ရယ်ပါသည်။

အမေ့မြေးများမှာ ရခိုင်မဟုတ်။ ရခိုင်-ချင်းကပြား ပြည်မသားတွေကိုး။ ကာလဒေသ ပယောဂကို အမေနားလည်သဘောပေါက်၏။

× × ×

ကျွန်တော့်တွင်လည်း အတွင်းရေးကိစ္စဟုသဘောထားသည်များ ရှိပါသည်။ ကျွန်တော့်လစာဝင်ငွေကို မေးမြန်းခံရလျှင် မဖြေချင်ချေ။ စပ်စပ်စုစုလုပ်လွန်းသည်။ မတော်တရော်လျှောက်မေးသည်။ လစာဝင်ငွေမှာ ကျွန်တော့်အတွင်းရေးကိစ္စဖြစ်၍ လူတကာသိရန်မလိုဟု သဘောထားပါသည်။

ဇနီးနှင့်ညားခါစက ပေါက်ပေါက်ရှာရှာ မေးမြန်းစပ်စုသည်မှာ-

'အစ်ကို၊ ညီမနဲ့မညားခင် ရည်းစားဘယ်နှစ်ယောက်ထားဖူးလဲ'

ဟူ၏။ ဤသည်မှာ ကျွန်တော်၏ထိပ်တန်းလျှို့ဝှက်ချက်၊ အတွင်းအကျဆုံး အတွင်းရေးဟုသဘောထားကာ မဖြေချေ။

'အစ်ကို၊ ညီမမှာရည်းစားရှိဖူးလားလို့ မမေးပါဘူး'

ဟုသာပြော၏။ လက်ဆုတ်မဖြေ။ ဝှေ့လည်လည်လုပ်၏။

'မေးလည်း ဖြေစရာမရှိဘူး။ ညီမတို့က သန့်သန့်လေး။ အပျိုဖြစ်စ ဆယ့်ခြောက်နှစ်က အစ်ကို့ကိုပဲရည်းစားထားဖူးတာ။ ဆယ့်ရှစ်နှစ်မှာညားရော။ ရှုပ်ရှုပ်ရှက်ရှက်တွေ မရှိဘူး'

ဟုဆို၏။ ကျွန်တော့်မှာ အသက်အစိတ်မှ ဇနီးနှင့်ညားသူဖြစ်ပါသည်။ ဇနီးမှာမိန်းမသားပီပီ အပေါက်အစများ၏။

စာမျက်နှာ ၁၃ သို့ -

တစ်နေ့ တနင်္ဂနွေရုံးပိတ်ရက်မှာ လူကပျင်းသလိုရှိတာနဲ့ အဆောင်ကခရေပင်အောက်ထိုင်ရင်း အတွေးနယ်ချဲ့မိနေခဲ့ရာ ကြားလိုက်ရသောအသံတစ်ခုကြောင့် ပို၍အတွေးများသွားခဲ့သည်။ ကြားလိုက်ရသောစကားတစ်ခွန်းက 'အလုပ်ကလည်းများလိုက်တာကွာ။ ပျားပန်းခတ်နေတာပဲ' တဲ့။ အဆောင်ကအစ်ကိုတစ်ယောက်ရဲ့ ညည်းညူသံစကားပါ။ အဲဒီစကားထဲက 'ပျားပန်းခတ်နေတာပဲ' ဆိုတဲ့ စာသားလေးက ကျွန်တော့်ကိုအတော်လေးဆွဲဆောင်သွားပြီး ကျွန်တော့်အတွေးတွေက ပျားတွေအကြောင်းကို ဦးတည်သွားခဲ့သည်။

ပျားတို့သည် စည်းစည်းလုံးလုံးနေကြသည်။ ကျရာတာဝန်ကိုကျေပွန်စွာကြိုးပမ်းဆောင်ရွက်ကြ သည်။ ပျားအုံကိုစုပေါင်းညီညွတ်မှုအင်အားဖြင့် တက်ညီလက်ညီမခိုမကပ် ပူးပေါင်းတည်ဆောက်ကြသည်။ မိမိတို့ခန္ဓာကိုယ်မှ ဖယောင်းဟုဆိုသောပစ္စည်းများကိုပင် အသီးသီထုတ်ပေး၍ တည်ဆောက်ကြသည်။ ပျားအုံတစ်အုံဖြစ်လာဖို့ မိမိတို့တစ်ကောင်ချင်း၏လုပ်အားကို မိမိတို့အချင်းချင်းအပေါ် ယုံကြည်မှုဖြင့် ပေါင်းစည်းအားထုတ်လုပ်ဆောင်ပေးကြသည်။ တစ်ဦးချင်းလည်း တာဝန်ကျေသည်။ စုပေါင်းလုပ်ဆောင်မှု၌လည်း တာဝန်ကျေကြသည်။ စိတ်ကောင်းစေတနာကောင်း ထားကြသည်။ ကိုယ်ကျိုးကြည့်မှုဟူသည် သူတို့၌မရှိ။ တက်ညီလက်ညီကြိုးပမ်း တည်ဆောက်ကြသည်။

ပျားအုံတည်းဟူသော မိမိတို့၏အိမ်ဂေဟာ၊ မိမိတို့ခိုကိုးရာနိုင်ငံ၊ မိမိတို့၏သားသမီးများနှင့် ကြိုးပမ်းရယူထားရသည့် ရတနာပျားရည်များကို အန္တရာယ်ပြုလာခဲ့လျှင်လည်း စုပေါင်းအားဖြင့် ရန်သူကိုသက်စွန့်ကြိုးပမ်း တွန်းလှန်တိုက်ခိုက်ကာကွယ်ကြသည်။ အားကျစရာ နမူနာယူစရာပင်ဖြစ်သည်။ စံထားစရာလည်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။

အထူးသဖြင့် စံထားဖွယ်ရာမှာ လုပ်သားပျားမကလေးများဖြစ်သည်။ ပျားရည်ရအောင် မရပ်မနားရှာဖွေစုဆောင်းကြသည်။ ကျရာတာဝန်ကို ဇွဲရှိရှိတာဝန်သိသိဖြင့် သတ်မှတ်သည့်အလုပ်ကို သတ်မှတ်သည့်အချိန်အတွင်းပြီးအောင် မခိုမကပ်မရပ်မနား ဘဝပေးအသိတရားဖြင့် လုပ်ဆောင်ကြသည်။ ပျားရည်ချိုမွှေးရရှိရေးအတွက် ပန်းမာလာရောင်စုံဖြာသည့် ထွေထွေရာရာတို့ဆီသို့ တဝီဝီပျံသန်းရှာဖွေကြကာ ဝတ်ရည်များကိုစုပ်ယူကြသည်။ သို့သော် ဘယ်ပန်းကိုမျှ ထိခိုက်ပျက်စီးစေမှု

# ဘဝအလှဘယ်လိုဆင်မလဲ



မပြု။ မဖျက်ဆီး မညိုးနွမ်းစေခဲ့။ ပန်းမျိုးပွားရန်ကိုပင် ဝတ်မှုန်ကူးစေလျက် အကျိုးပြုခဲ့ကြသည်။

စုပ်ယူရရှိလာသော ဝတ်ရည်များကို ပျားရည်အဖြစ် ပျားအုံ၌သိုလှောင်သည်။ မိမိလည်း စားသုံးသည်။ ပျားဘုရင်မနှင့် ပျားထီးများအတွက်လည်း ဖြစ်စေသည်။ နောက်ပေါက်ဖွားလာမည့် ပျားကလေးများအတွက်လည်း ကြိုတင်သိုမှီးပေးကြသည်။ အများအကျိုးဆောင် ကိုယ်အကျိုးကိုလည်း အောင်စေသည်။ အတ္တဟိတ-ပရဟိတကျင့်စဉ်ဟုပင် သတ်မှတ်သင့်သည်ဟုထင်မိသည်။ ပျားကလေးများကို ညီညွတ်မျှတမှု၊ သံသယကင်းသောအတ္တဟိတ-ပရဟိတကျင့်စဉ်၏ သာဓကသတ္တဝါကလေးများဟုတွေးမိရာမှ ရုတ်တရက်ယင်း၏ဆန့်ကျင်ဘက်ဖြစ်သော မိမိ၏အတ္တလွန်ကဲခဲ့မှုကိုလည်း သတိရမိလာသည်။

ကျွန်တော်ငယ်စဉ်က မိသားစုအတွင်း ညီအစ်ကိုမောင်နှမများအပေါ်တွင် ငဲ့ကွက်မှုမပြု။ မိမိလိုရာဆန္ဒအတိုင်း ဖြစ်လိုမှု၊ ရလိုမှုကိုသာအလေးထား၍ စကားမှားခဲ့ဖူးသည်ကို သတိရလိုက်သည်။ မိသားစုအတွင်း ကိစ္စတစ်ရပ်ညှိနှိုင်းနေရာ၌ ကျွန်တော်ကကျွန်တော်ဖြစ်လိုရာကို ဖြစ်သင့်တာထက် ဇွတ်တောင်းဆိုခဲ့မိ၏။ ထိုအခါအဖေက-

'ဟေ့ကောင် မင်းအတွက်ပဲမင်းတောင်းဆိုမနေနဲ့။ ကျန်တဲ့မောင်နှမတွေရဲ့လိုအပ်ချက်ကိုလည်း ထည့်စဉ်းစားဦး။ မင်းက ကိုယ့်ဘက်ကိုချည်းယက်၊ ကိုယ့်ဗိုက်အောက်ကိုပဲ ယက်တဲ့လိပ်လိုအကောင်ပဲ။ အလကားကောင်'

ဟုပြင်းပြင်းထန်ထန်ပြောဆို ဆူဆဲတော့လေသည်။ သွားပြီ၊ ကျွန်တော်အလကားကောင်ဖြစ်သွားပြီ။ ကိုယ့်ဘက်ကိုယက်တဲ့ အတ္တလွန်ကဲသူဖြစ်သွားပြီ။ ဝမ်းနည်းလွန်းသဖြင့် ဘာမျှမပြောနိုင်ခဲ့။ မျက်ရည်ဝိုင်းလျက် ခေါင်းငုံ့၍သာနေခဲ့ရတော့သည်။ အလကားကောင်မဖြစ်ရန် ဆင်ခြင်ရှောင်

**စဝ်အားကူ (ချယ်ရီမြေ)**

ရှားမည်ဟုလည်း ကြိတ်၍ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

ပြဿနာတစ်ခုကိုဖြေရှင်းရာ၌ ဆန္ဒသဘောထား၊ အယူအဆ၊ လမ်းစဉ်လမ်းရပ်များ မတူညီသူနှစ်ဦးနှစ်ဖက်တို့သည် အေးအေးချမ်းချမ်း ပြေပြေလည်လည် စိတ်စေတနာကောင်းကောင်းဖြင့် ယုံယုံကြည်ကြည် ညှိနှိုင်းဆွေးနွေးအဖြေရှာခြင်း၊ မျှတမှုကို အလေးထားဆွေးနွေးခြင်းတို့သည်သာ အကောင်းဆုံးနည်းလမ်း၊ အန္တရာယ်အကင်းဆုံးနည်းလမ်း၊ ရေရှည်ကောင်းမွန်မှုအတွက် စစ်မှန်သောအဖြေကို ရနိုင်သောနည်းလမ်းဖြစ်သည်ဟု ယုံကြည်မိပါသည်။ ထိုသို့ဆွေးနွေးညှိနှိုင်းအဖြေရှာရာ၌ 'လိပ်' မဖြစ်ကြဖို့ အလွန်အရေးကြီးပါသည်။ 'လိပ်၏ထုံးကို နှလုံးမူ' လျှင် ဆုံးရှုံးမည်။ 'ပျားတို့၏ထုံးကို နှလုံးမူ' မှ မုချအောင်မြင်နိုင်ပေမည်ဟု ယုံကြည်မိပါတော့သည်။

လူသားအပေါင်းတို့သည် ဘဝကောင်းအောင် အဟောင်းကိုဆင်ခြင်၊ အသစ်ကိုထွင်၍ အလှဆင်နိုင်ကြမှသာ မိမိတို့ဘဝနိဂုံးကောင်းကြပေမည်။ တသသဖြင့် သတိရလွမ်းနေသူဖြစ်နေပေမည်။ တတွတ်တွတ်နဲ့အပြစ်ဖို့သူအဖြစ်မှ လွတ်ကင်းပေမည်။ သဘာဝတရားကြီးသည် လူ့လောက၊ လူ့ကမ္ဘာကြီးကို လောကဓံတရားများဖြင့်ခြယ်သ၍ အလှဆင်ထားလျက်ရှိပါသည်။ အလှရှိသလို အရုပ်ဆိုးအကျည်းတန်မှုကိုလည်း ပြသထားပါသည်။ ဆန့်ကျင်ဘက်အားပြိုင်မှုအတွက် သဘာဝတရားကြီးက အကောင်းအဆိုး ယှဉ်ပြထားပါသည်။ လူသားတို့ကိုယ်တိုင်က နှိုင်းယှဉ်သုံးသပ်လျက် ကောင်းမြတ်ရာကိုရွေး မကောင်းမှုများမှရှောင်ရှားနိုင်ရန် အသိဉာဏ်အင်အားအလိုက် အကောင်းအဆိုး ဆင်ခြင်နိုင်ဖို့ဖြစ်ပါသည်။

လူသားများ လူ့ဘဝ၊ လူ့ကမ္ဘာကို အလှဆင်ခြယ်သရမည်မှာ သဘာဝကပေးသည့် ဘဝပေးတာဝန်ပင်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် 'လူ့ဘဝအလှဆင်လူသာလျှင်ပဓာန' ဖြစ်ခြင်းကြောင့်ပင်ဖြစ်ပါသည်။ လူသားများဘဝအလှဆင်ဖို့ ဘဝပေးတာဝန်ကိုထမ်းဆောင်ရာ၌ လူသားအချင်းချင်းနှင့် သက်ရှိသက်မဲ့ပတ်ဝန်းကျင်တို့အပေါ်တွင် အသိတရား၊ ဉာဏ်ပညာအသိများဖြင့် ပြည့်ဝသောမေတ္တာစေတနာ အလှတရားများကို ထင်ရှားမြင်သာအောင် ပြသထမ်းဆောင်ဖို့လိုအပ်သည်ဟု ဆိုချင်ပါသည်။ ထိုသို့ မေတ္တာစေတနာအလှတရားများဖြင့် ဆောင်ရွက်ခြင်းမဟုတ်လျှင် အတ္တလွှမ်းသောစေတနာမျိုး၊ အကောက်ဉာဏ်နှင့် လောဘထန်တာမျိုးဖြစ်လျှင်တော့ လူ့ဘဝ၊ လူ့ကမ္ဘာကို အရုပ်ဆိုးအကျည်းတန် ညစ်ညမ်းမှုများစွာနဲ့ လိမ်းကျံလျက် ညစ်နွမ်းအောင်လုပ်ရာကျပါမည်။ ဘဝပေးတာဝန် မကျေပွန်ရာကျပေမည်။

မည်သို့ပင်ဆိုစေကာမူ လူသားများသည် အနိစ္စသဘောဖြင့် ရွေ့လျောကြရမည်သာဖြစ်သည်။ လူ့ဘဝမှခွဲခွာပျက်ယွင်းကြရမည်သာဖြစ်သည်။ လူ့ဘဝအလှပန်းက ကြွေမြန်းရမည်သာဖြစ်ပါသည်။ သို့အတွက် လူသားတိုင်း ဤအမေးကို ကိုယ့်ကိုယ်ကိုယ် ပြန်မေးသင့်ပါသည်။ အမေးရှိသလို အဖြေလည်းဖြေကြည့်သင့်လှပါသည်။ 'ငါ ကိုယ်ကျိုးရှာအတ္တသမား၊ လောကအလှဖျက်သူအဖြစ်နဲ့ ကြွေမလား၊ သေမလား။ ငါအတ္တနည်းသော မေတ္တာစေတနာမွန်ကိုဆောင်သော လူ့ဘဝ၊ လူ့ကမ္ဘာကိုအကျိုး ပြုသူအဖြစ်နဲ့ ကြွေမလား၊ သေမလား'။

**စာမျက်နှာ ၁၂ မှ -**

'အစ်ကို ကျွန်မနဲ့မညားခင် မိန်းမဘယ်နှစ်ယောက်နဲ့အတူနေဖူးလဲ ပြောစမ်း'

ဟုအစ်အောက်မေးမြန်းဖူးသေး၏။ အလွန်ရယ်ဖို့ကောင်းပါသည်။ ဤသည်မှာ ကျွန်တော့်အဖို့ အနှစ်အသားပင်တည်း။

'အစ်ကို့ကို အထင်မကြီးပါနဲ့ကွာ။ အစ်ကိုက အူတူတူအတတနဲ့ မစွံဘူး။ မဟန်ဘူး။ အခွံပဲ မနိပ်ဘူးဆိုတဲ့ ခပ်ဖျင်းဖျင်းလူစားပါ။ မင်းကြွေပစ်လို့သာ မိန်းမရတတ်တာပါကွာ။ အစ်ကို မချစ်မက်မမြတ်နိုးရင်း အသနခံပြီး အလကားရလည်း မယူဘူး။ မမက်ဘူး။ သိက္ခာကျမခံဘူး။ မင်းနဲ့ထိုက်တန်လို့ညားတာလို့မှတ်ထားပါ။ မဟုတ်တာတွေ လျှောက်မမေးနဲ့'

ဤကား ကျွန်တော့်အတွင်းရေးတည်း။

ဆောင်းပါး




# စာမျက်နှာ (၁၆)

**ဆန်းထက်လွင်**

တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်စာရင်းတွေထွက်ပြီကြားတော့ ကိုယ်နဲ့ဘာမှမဆိုင်လှပေမယ့် အလိုလိုစိတ်လှုပ်ရှားမိသည်။ ကိုယ် ၁၆ နှစ်သားတုန်းကလည်း အောင်စာရင်းကိုဒီလိုပဲ စိတ်လှုပ်ရှားပြီး သွားကြည့်ခဲ့ဖူးသည်လေ။ အမျိုးထဲမှာ တက္ကသိုလ်ဝင်တန်းဖြေသူမရှိ၊ အသိမိတ်ဆွေတွေရဲ့သားသမီးတွေထဲမှာလည်း မရှိပါ။ သို့ပေမဲ့ အောင်စာရင်းမှာပါသူတွေအတွက် ဝမ်းသာမိသည်။ ဂုဏ်ထူးတွေနဲ့ထူးထူးချွန်ချွန်အောင်မြင်သူတွေကိုလည်း ဂုဏ်ယူချီးကျူးပါသည်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်စာရင်းသည် ကျောင်းသား၊ ကျောင်းသူတွေရဲ့ ကြိုးစားအားထုတ်မှုအဆင့်ကို တစ်ခုခုသတ်မှတ်ပေးလိုက်ပြီဖြစ်သည်။ ဒီကျောင်းသား၊ ကျောင်းသူလေးတွေကတော့ အဆင့်မြင့်ပညာရေးနဲ့အတူ ကိုယ့်ဘဝရဲ့ပထမဆုံးခြေလှမ်းတွေကို စလှမ်းရတော့မှာပါပဲ။

ကျွန်တော် ၁၀ တန်းတက်တော့မယ်ဆိုတော့ မေမေပြောတဲ့စကားလေး သွားသတိရမိသည်။ 'သားကြီး ၁၀ တန်းဆိုတာ မင်းဘဝမှာဘာဖြစ်မှာလဲဆိုတာ ဆုံးဖြတ်မှာနော်။ မေမေတို့ကတော့ သားကို ဘာလိုင်းဝင်အောင်လုပ်ရမယ်လို့ မပြောပါဘူး။ ဒါပေမဲ့ တက္ကသိုလ်တွေက ကိုယ့်ကို ရွေးမလားလို့ အမှတ်နည်းနည်းလေးနဲ့ ထိုင်စောင့်နေရတဲ့ ရွေးချယ်ခံဘဝတော့ မဖြစ်စေချင်ဘူး။ ကိုယ်ကအမှတ်တွေအများကြီးကိုင်ထားပြီး ဒီလိုင်းကိုငါကြိုက်လို့ယူတယ်ဆိုတဲ့ ရွေးချယ်သူဘဝပဲဖြစ်စေချင်တယ်' တဲ့။ မေမေပြောတဲ့အတိုင်း ကျွန်တော်ကြိုးစားခဲ့ပါတယ်။ ကျွန်တော်ဖြစ်ချင်တာက ဓါးကိုင်တဲ့ဆရာဝန် (ခွဲစိပ်အထူးကုဆရာဝန်) ပါ။ ဒါပေမဲ့ ဆေးတက္ကသိုလ်ဝင်ခွင့်မမီခဲ့ပါ။ ကျွန်တော်ဖြစ်ချင်သည့် ဆရာဝန်ဘဝမဖြစ်ခဲ့သလို ကျွန်တော်ရင်ထဲမှာလည်း ဆူးလေးတစ်ချောင်းစူးသွားတော့သည်။ စာမေးပွဲတစ်ခုထဲနှင့် လူတွေရဲ့ဘဝကို ဆုံးဖြတ်လို့ရသလားဆိုတဲ့ အတွေးဖြစ်သည်။

ဒီစာမေးပွဲက ငါ့ဘဝကိုဆုံးဖြတ်လိုက်ပြီလား။ ဆရာဝန်ဖြစ်သွားတဲ့ ငါ့သူငယ်ချင်းတွေနဲ့ တစ်သက်လုံးကွာခြားသွားပြီလား။ ငါတစ်သက်လုံးရှုံးနိမ့်သွားပြီလား စသည်ဖြင့်ပေါ့။ ဒီတော့ တက္ကသိုလ်ဝင်ခွင့်ကို စာမေးပွဲနှင့်မဆုံးဖြတ်ဘဲ ဘာနှင့်ဆုံးဖြတ်ရင်ရမလဲ စဉ်းစားသည်။ ကျွန်တော်စဉ်းစားလို့မရ။ ကျွန်တော့်ဉာဏ်နှင့်မမီ။ ဒီတော့ရင်ထဲမှာ တနှံ့နှံ့နှင့်။ ဒီလိုနှင့်နှစ်တွေကြာသွားသည်။ အလုပ်ထဲရောက်တော့မှ ရင်းရင်းနှီးနှီးပေါင်းဖြစ်သည့် သူငယ်ချင်းတစ်ယောက်ကို ဖွင့်ပြောတိုင်ပင်မိသည်။ ကျွန်တော့်သူငယ်ချင်းက ပြန်ဖြေပါသည်။ စာမေးပွဲတွေရှိမှဖြစ်မည်။ စာမေးပွဲတွေရှိယုံမက အဲဒီစာမေးပွဲတွေက တင်းတင်းကြပ်ကြပ်စစ်တဲ့ စာမေးပွဲတွေဖြစ်ရမည်တဲ့။ တစ်ကမ္ဘာလုံးမှာလည်း တက္ကသိုလ်ဝင်ခွင့်ကို ဒီလိုပဲစာမေးပွဲနှင့်ဖြတ်သည်တဲ့။ အဲသည့်အတွက်လည်း အသေအကြေကြိုးစားရသည်တဲ့။ ကြည့်နေကျ ကိုရီးယားကားတွေထဲမှာ Law School တက်ဖို့ အသည်းအသန်ကြိုးစားကြတဲ့ မင်းသားတွေကိုမတွေ့ဘူးလားတဲ့။ ပြီးမှ ချက်နဲ့လက်နဲ့ ထပ်ပြောပါတော့သည်။

'မင်းသိလား။ ဒီနေ့ နည်းပညာနဲ့ပတ်သက်ရင် အိန္ဒိယကထိပ်တန်းအဆင့်မှာရှိနေပြီ။ အိန္ဒိယ Software ပညာရှင်တွေ၊ အင်ဂျင်နီယာတွေ ကမ္ဘာတစ်ဝှမ်းမှာနေရာရနေကြပြီ။ ဒီလိုနေရာရလာတာလည်း အိန္ဒိယနည်းပညာတက္ကသိုလ်တွေကြောင့်ပဲ။ ဒီတက္ကသိုလ်တွေမှာ သင်ကြားမှုပုံစံနဲ့ သင်ထောက်ကူပစ္စည်းတွေက သူလိုငါလိုပါပဲ။ ဘာမှမထူးဘူး။ ဒါပေမဲ့ သူတို့နည်းပညာတက္ကသိုလ်တွေရဲ့အားကောင်းချက်က ဉာဏ်ရည်အမြင့်ဆုံးကျောင်းသားတွေကို ရွေးထုတ်ဖို့ စာမေးပွဲတွေကို ဒီဇိုင်းဆင်ထားတာပဲ။ 3 Idiots ဆိုတဲ့ဇာတ်ကား မင်းကြည့်ဖူးတယ်မဟုတ်လား။ တကယ့်အပြင်မှာ အိန္ဒိယနည်းပညာတက္ကသိုလ်တွေဟာ အဲဒီထက်တောင် ပိုကြမ်းသေးတယ်။ နှစ်စဉ်ဝင်ခွင့်ဖြေကြတဲ့ ကျောင်းသားပေါင်း ၃၀၀,၀၀၀ လောက်မှာ ၅,၀၀၀ ပဲဝင်ခွင့်ရတယ်။ ရာခိုင်နှုန်းနဲ့ဆိုရင် အောင်ချက်က ၁.၇% ပဲရှိတယ်။ ဒီတော့ မင်းစဉ်းစားကြည့်။ အခုဝင်ခွင့်ရတဲ့ ကျောင်းသား ၅,၀၀၀ ဟာ အတော်ဆုံး၊ အထက်ဆုံး၊ ကြိုးစားအားထုတ်မှုအကောင်းဆုံး၊ ရည်မှန်းချက်အကြီးဆုံး ကျောင်းသားတွေချည်းပဲ။ ဒီလိုကျောင်းသားတွေကတော့ Software Engineering ပဲလိုက်လိုက်၊ အာကာသသိပ္ပံပဲသင်သင်၊ အင်ဂျင်နီယာပဲလုပ်လုပ် ထူးထူးချွန်ချွန်ဖြစ်မှာ အသေအချာပဲ။ ဒီကျောင်းသားတွေကြောင့်ပဲ အိန္ဒိယနည်းပညာတက္ကသိုလ်တွေ နာမည်ကြီးလာတယ်။ တက္ကသိုလ်တွေကလည်း ဝင်ခွင့်စာမေးပွဲကို ခပ်ကြမ်းကြမ်းစစ်ချပြီး Quality ကိုထိန်းထားတယ်။ ဒီလိုနဲ့ အိန္ဒိယကနည်းပညာမှာ ရှေ့တန်းရောက်လာတာကွ' တဲ့။

သူငယ်ချင်းပြောကာမှ ကျွန်တော့်စိတ်ထဲတွင် ပို၍ရှုပ်ထွေးသွားတော့သည်။ သူပြောတဲ့ အတော်ဆုံးကျောင်းသား ၅,၀၀၀ ကတော့ ထားပါတော့။ သူတို့လောက်မတော်တဲ့ ကျန်တဲ့ကျောင်းသား ၂၅၀,၀၀၀




ကရော ဘာလုပ်ကြမလဲ။ ဒါနဲ့ပဲ ကျွန်တော် စောဒကတက်မိသည်။

'အေး မင်းပြောတဲ့ အတော်ဆုံးကျောင်းသား ၅,၀၀၀ ကတော့ ကောင်းစားပြီပေါ့ကွ။ ကျန်တဲ့ကျောင်းသား နှစ်သိန်းခွဲက ဘဝကိုဒီလိုပဲလိမ်ဖယ်၊ လိမ်ဖယ်နဲ့ ပြီးသွားတော့မှာလား'

ကျွန်တော့်စကားကို ကြားတော့ သူငယ်ချင်းစိတ်ရှုပ်သွားဟန်ရှိသည်။ ပြီးမှ ပြန်ပြောသည်။

'မဟုတ်သေးပါဘူးကွာ။ မင်းကစာမေးပွဲနဲ့ ပညာကိုမကွဲတာကွ။ ရှင်းရှင်းပြောရရင် စာမေးပွဲ Result နဲ့ ပညာရဲ့သဘောကိုမကွဲတာကွ။ တက္ကသိုလ်ဝင်စာမေးပွဲက လူတစ်ယောက်ကို ဒီလူက ဆရာဝန်ဖြစ်မယ်။ ဒီလူက အင်ဂျင်နီယာဖြစ်မယ်လို့ခွဲလိုက်လို့ရတယ်။ ဒါပေမဲ့ ကြိုးစားအားထုတ်နေတဲ့ လူတစ်ယောက်ရဲ့ဘဝကိုတော့ ဒီအောင်စာရင်းတစ်ခုထဲနဲ့ ပုဒ်မချ၊ နိဂုံးချုပ်လိုက်လို့မရဘူးကွ။ ကြိုးစားတဲ့သူကတော့ သူလိုချင်တဲ့လိုင်းမရလဲ ဆက်ကြိုးစားနေမှာပဲ။ ကြိုးစားနေသမျှတော့ ကြိုးစားသလောက် အောင်မြင်နေမှာပဲ။ အမှတ်ကောင်းလို့ လိုင်းကောင်းကောင်းရောက်သွားတဲ့သူတွေလည်း သူတို့မကြိုးစားတော့တဲ့တစ်နေ့၊ ကြိုးစားတဲ့သူတွေကျော်တက်တာကိုခံရမှာပဲ။ ဒီလောက်ဆိုရင် စာမေးပွဲရလဒ်နဲ့ ပညာရဲ့သဘောကွဲလောက်ပြီထင်တယ်။ ငါထပ်ပြီးပြောဦးမယ်။ အခုခေတ်က ပညာခေတ် (Knowledge Age) ပေါ့ကွာ။ ပညာက အရေးပါတယ်။ ပညာရှေ့တန်းရောက်လာတယ်ပေါ့။ ဒီတော့ ပညာကိုဘယ်လိုခွဲကြလဲသိလား။ ဘယ်လိုပညာရပ်လဲ၊ ဘယ်လိုရခဲ့သလဲ၊ ဘယ်လောက်အသုံးဝင်သလဲဆိုတဲ့ ပေတံတွေနဲ့တိုင်းကြည့်ဖို့လိုတယ်။ လိုင်းတစ်ခုခုကို ရွေးထားပြီးပြီဆိုရင်လည်း ဒီပေတံတွေနဲ့တိုင်းပြီး ကိုယ့်ကိုယ်ကိုယ်တန်ဖိုး မြှင့်ထားဖို့လိုတာပေါ့ကွ'

'တန်ဖိုးမြှင့်ထုတ်ကုန် (Value-added Products) တွေပဲ ရောင်းစွံတယ်ဆိုပါတော့'

ကျွန်တော့်သရော်စကားကို သူငယ်ချင်းက ပြုံးပြီး ခေါင်းငြိမ့်ပါသည်။ ပြီးမှစကားဆက်သည်။

'အေးကွ၊ မင်းကတော်ရုံတန်ရုံဆရာလုပ်

**စာမျက်နှာ ၁၅ သို့ -**

**စာမျက်နှာ ၁၄ မှ -**

လို့မရတဲ့ကောင်ဆိုတော့ ပြောခွင့်ရတုန်းလေးပြောထားဦးမှ။ အခုခေတ်ပညာရေးရဲ့သဘောလေးပေ့ါကွာ။ စဉ်ဆက်မပြတ်ပညာရေး (Continuous Learning) ဆိုတာတော့ မင်းသိပြီးသားမဟုတ်လား။ ကိုယ်တို့အရင်က ဘယ်အရွယ်မှာပညာရှာ၊ ဘယ်အရွယ်မှာ စီးပွားရှာစသည်ဖြင့် သိခဲ့ကြဖူးတယ်။ ကိုယ်က ပညာရပ်တစ်ခုကို ကျွမ်းကျင်ပိုင်နိုင်နေရင် တစ်သက်လုံးနေသွားလို့ရပြီပေ့ါ။ အခုတော့ မရတော့ဘူး။ ပညာရပ်တွေက တစ်ခုပြီးတစ်ခု အသစ်ပေါ် (Up to Date) ဖြစ်နေတာ။ ပညာရပ်တစ်ခုက ခုချိန်မှာဘဝအာမခံချက်ပေးနိုင်ရင် လွန်ရောကျွံရော ၅ နှစ် ၁၀ နှစ်ပဲ။ ဒီတော့ ဘဝတစ်လျှောက်လုံး အမြဲတမ်းပညာရှာနေရတော့မှာ’

သူငယ်ချင်းက ချောင်းတစ်ချက်ဟန့်ပြီးမှ စကားဆက်သည်။


‘နောက်သဘောတရားတစ်ခုက ပညာရေးသည် အုတ်မြစ်မဟုတ်။ လေယာဉ်ကွင်းဖြစ်သည်တဲ့။ အရင်က ကိုယ်တို့သိခဲ့တာက ပညာရေးကိုအုတ်မြစ်ခံ၊ အသက်မွေးဝမ်းကျောင်း အလုပ်နဲ့ဘဝကို တည်ဆောက်ပေ့ါ။ အခုချိန်မှာတော့ ကိုယ့်ကိုယ်ကိုယ် လေယာဉ်ပျံအဖြစ်သဘောထားပြီး၊ ပညာကိုလေယာဉ်ကွင်းအဖြစ် သဘောထားလာကြပြီ။ (I can fly anytime.) ဆိုတာမျိုးတွေးလာကြပြီ။ ဒီလိုမျိုးဖြစ်လာဖို့ ကိုယ့်ပညာကိုချဲ့နိုင်သမျှ ချဲ့ထားရတယ်။ ကွင်းကျယ်ကျယ်ရှိမှ လေယာဉ်ကြီးကြီး ပျံတက်နိုင်မှာ။ နောက်ပြီး လေယာဉ်ပြေးလမ်းကိုလည်း ရှင်းထားရတယ်။ ဆိုလိုတာက သုတေသနစိတ်အခံရှိဖို့ လိုတယ်။ တစ်ခုခုဆို စိုက်လိုက်မတ်တတ်၊ ရေဆုံးရေခန်းလိုက်တတ်မှ ကိုယ့်ပညာရေးကဘောင်ကျယ်မှာ။ ဆရာသင်သလောက်၊ သင်ရိုးထဲမှာပါတာလောက်နဲ့မရတော့ဘူး။ ကိုယ်က ပိုလေ့လာနေရမှာ’

‘နောက်ပြီး ကိုယ်အထူးပြုထားတဲ့ ဘာသာရပ်ထက်ကျော်ပြီး လေ့လာနေရမယ်။ (Beyond Specialization) ပေ့ါကွာ။ အခုအချိန်မှာဘဝကို တစ်လမ်းမောင်း၊ တစ်ဆူးထိုးတွက်ထားလို့မရတော့ဘူး။ ဒီလမ်းမရရင် နောက်လမ်းက ကွေ့သွားရမှာ။ ကိုယ်ရွေးချယ်ထားတဲ့ ဘာသာရပ်တစ်ခု၊ အသက်မွေးလမ်းကြောင်းတစ်ခုနဲ့တင် ကျေနပ်နေလို့မရတော့ဘူး။ တခြားဆက်စပ်ပညာရပ်တစ်ခုနှစ်ခုကို တတ်ထားမှရမှာ။ ဥပမာ- ကိုယ်က Civil Engineer ဆိုပါတော့။ Civil လုပ်ငန်းကျွမ်းကျင်နေယုံနဲ့ မရတော့ဘူး။ Interior Decoration လေးလည်းရနေမှဖြစ်မှာ။ Civil အလုပ်ကောင်းရင် Civil လုပ်မယ်။ မကောင်းရင် Decoration ပြောင်းလုပ်မယ်ပေ့ါ။ ရွေးချယ်စရာ အခွင့်အလမ်း (Alternatives) များလေ ကောင်းလေပဲ။ အဲဒီလိုလူမျိုး ဘယ်တော့မှမတိမ်ကောဘူးလေ’

‘ကိုယ့်ပညာကို ကိုယ်သံသယစိတ်နဲ့အမြဲပြန်သုံးသပ်နေဖို့လည်း လိုတယ်ကွ။ ဒီတော့မှ ကိုယ့်မှာဘာလိုအပ်နေတယ်ဆိုတာသိမယ်။ ဒီတော့ ထပ်ဖြည့်နိုင်မယ်ပေ့ါ။ ပြောရရင်ကွာ ကျောင်းသားတစ်ယောက်က စာမေးပွဲအောင်ယုံ၊ အမှတ်ကောင်းယုံတင် ကြိုးစားနေလို့မရပါဘူး။ စာမေးပွဲထက် ပညာအပေါ်ထားတဲ့အသိနဲ့တန်ဖိုးက ပိုအရေးကြီးပါတယ်။ ဒီတော့ စာသင်ခန်းပြင်ပမှာပါ ဘဝရည်မှန်းချက်ထားပြီး ပညာကိုကြိုးစားရှာနေရမှာပါ။ ကိုယ့်ကိုယ်ကိုယ် အတောင်တပ်ဖို့ကြိုးစားရင်း၊ ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်နိုင်ငံကို ဆွဲခေါ်သွားရမှာ။ ဆရာမဂျူးရဲ့စကားငှားပြောရရင်တော့ကွာ အင်္ဂလိပ်စာပဲဖြစ်ဖြစ်၊ ဆေးပညာပဲဖြစ်ဖြစ်၊ နိုင်ငံရေးရှုထောင့်ဖွံ့ဖြိုးတိုးတက်မှုဘာသာပဲဖြစ်ဖြစ် ဦးနှောက်နဲ့သင်ယူလို့ရတယ်။ ကိုယ့်နိုင်ငံအပေါ်စေတနာထားပြီးတာဝန်သိဖို့ကိုတော့ နှလုံးသားနဲ့သင်ယူမှရတယ်။ အဲဒီဘာသာရပ်က အခက်ခဲဆုံးပဲတဲ့ကွာ’

စကားတွေအများကြီး ပြောလိုက်ရလို့ သူငယ်ချင်း မောသွားပြီထင်သည်။ ကျွန်တော်ကတော့ သူ့ကိုလေးစားစိတ်၊ အားကျစိတ်ဖြင့် ငေးကြည့်နေမိသည်။ သူကော ဆယ်တန်းတုန်းက သူလိုချင်တဲ့လိုင်းရခဲ့လား မမေးဖြစ်တော့ပါ။ မေးစရာလည်း မလိုတော့ပါ။ လောလောဆယ်မှာ သူကိုယ်တိုင်က သူပြောသလိုတန်ဖိုးမြင့်ထုတ်ကုန် (Value-added Product) ဖြစ်နေပြီပဲ။ ကျွန်တော်ကတော့ သူပြောသမျှကို ပြန်မျှဝေချင်မိသည်။ အထူးသဖြင့် တက္ကသိုလ်ဝင်တန်းဖြေမည့် ညီ ညီမလေးတွေနှင့် တက္ကသိုလ်ဝင်ခွင့်မှာ ကိုယ်လိုချင်သောလိုင်းမရခဲ့သည့် ညီ ညီမလေးများအတွက်ပါဗျာ။

Credit - ဂျူး (စောင့်နေမယ်လို့ မပြောလိုက်ဘူး)




လူ့ဘဝသို့ အလည်တစ်ခေါက်
ရောက်ဖြစ်ရခိုက်၊ သမိုင်းဖြစ်ကျန်
ဖြစ်ရပ်မှန်ကို
ကြံဖန်လုပ်၍ မရနိုင်....။

ငါလျှောက်လှမ်းရာ၊ ဘဝမှာလျှင်
ကွေ့ကာကောက်ကာ၊ လှမ်းခဲ့ပါက
ကွေကာကောက်ကာ၊ ငါ့ခြေရာသည်
သေချာကျန်ရစ် သမိုင်းဖြစ်လိမ့်....။

သူလျှောက်လှမ်းရာ၊ ဘဝမှာလျှင်
ဖြောင့်ကာတန်းကာ၊ သူ့ခြေရာသည်
သေချာကျန်ရစ်၊ သမိုင်းဖြစ်လိမ့်....။

ငါကလာဖျက်၊ သူကဖျက်လည်း
မပျက်နိုင်ပြီ၊ သမိုင်းတည်မို့
အစဉ်ထာဝရ၊ လျှောက်ကြခြေလှမ်း
သမိုင်းလမ်းမှာ
ခွဲခြမ်းသုံးသပ် လျှောက်နိုင်စေ....။

**စစ်တွေ (ကြာခိုင်)**



ဆောင်းပါး

# ပန်းကန့်လန့်ကာအဖွင့်



**ဇာတ်လမ်း (၁)**

မောင်မြနှင့်မောင်လှတို့ နေပူကြဲတဲကွင်းပြင်ကြီးတွင် ပင်ပန်းတကြီးအလုပ်လုပ်နေကြသည်။ မောင်မြသည် ရှေ့ကမြေကျင်းတွေတူးသွားသည်။ မောင်လှက နောက်မှတစ်ကျင်းပြီးတစ်ကျင်း မြေလိုက်ဖို့သည်။ ညနေစောင်းတော့ ကွင်းပြင်ကြီးကဒီအတိုင်း။ မောင်မြကော၊ မောင်လှကော ချွေးတွေသံတွေနှင့် အရမ်းပင်ပန်းနေကြပြီ။ တကယ်တော့ မောင်မြရယ်၊ မောင်လှရယ်၊ မောင်ဘရယ် သစ်ပင်စိုက်ဖို့တာဝန်ကျသည်။ မောင်မြက မြေကြီးတူးဖို့တာဝန်ယူသည်။ မောင်ဘက သစ်ပင်စိုက်၊ မောင်လှကမြေဖို့ပေါ့။ ဒါပေမဲ့ ဒီနေ့မောင်ဘခွင့်ယူသည်။ မောင်မြနှင့်မောင်လှတို့ကတော့ တာဝန်ကျေအလုပ်လုပ်ကြသည်။ သူတို့ကတော့ သူတို့တာဝန်ကျေသည်ဟုထင်သည်။ သစ်ပင်စိုက်ဖို့တာဝန်ကို မြေကျင်းတူး၊ မြေပြန်ဖို့ရုံနှင့် တာဝန်ကျေနိုင်ပါမည်လော။ စိုက်သည့်အလုပ် လုပ်သူကိုမေ့နေကြသည်။ အလုပ်ကိုတာဝန်ကျေစိတ်ဖြင့် လုပ်ရုံဖြင့် တာဝန်ပြီးမြောက်ပါမည်လော။

**ဇာတ်လမ်း (၂)**

ရုံးခန်းထဲတွင် လူ ၄ ယောက်ရှိသည်။

ဦးမောင်မောင်တစ်ယောက် အခန်းကိုဝေ့ကြည့်ရင်း စိတ်ရှုပ်နေမိသည်။ သူအရပ်ဘက်ကိုရောက်လာတာ မကြာသေး။ သူတို့အရင်အဖွဲ့အစည်းက တစ်သွေး၊ တစ်သံ၊ တစ်မိန့်ဖြစ်သည်။ အခုလုပ်နေတဲ့အလုပ်ထက် အဆပေါင်းများစွာ ပိုပင်ပန်းတဲ့အလုပ်တွေ၊ အန္တရာယ်များတဲ့အလုပ်တွေလုပ်ခဲ့ရဖူးသည်။ ဒါပေမဲ့ Command System နှင့်အဖွဲ့အစည်း Structure က အသားကျပြီးသားမို့ ကိုယ့်ကိုခိုင်းရင်ဖြစ်အောင်လုပ်ရမည်။ ကိုယ်ကခိုင်းလဲဖြစ်အောင်လုပ်သွားကြသည်သာ။ ဒီမှာက အဲလိုမဟုတ်။ ခိုင်းလိုက်ရင် စောဒကတက်တာတွေကြုံရသည်။ တင်ပြတာပါဆိုပြီး ပညာပြတာတွေကြုံရသည်။ သူတို့ကျဘယ်လို၊ ငါ့ကိုကျဘယ်လိုဆိုပြီး နှိုင်းယှဉ်ကြသေးသည်။ သူဘာလဲ၊ ငါဘာလဲတွေ ခဏခဏကြုံရတော့ စိတ်ပျက်စပြုပြီ။

ဦးကိုကိုဦး ရှေ့က Drawing ကိုစိုက်ကြည့်နေသည်။ ကြည့်သာကြည့်သည်။ စိတ်ကမရောက်။ သူက သူ့ကိုယ်သူပညာရှင်လို့တွက်သည်။ ပညာရှင်တွေကို ခိုင်းချင်ရင်ပညာရှင်တော့ ဖြစ်ရမည်လို့တွေးသည်။ ဒီတော့သူအလုပ်လုပ်ရတာ ပြဿနာတွေရှိလာသည်။ သူလည်း စိတ်ညစ်လှပြီ။

မသီတာက စာရင်းဇယားတွေကြားမှာ တကုတ်ကုတ်လုပ်နေသည်။ သူမလည်း ပျော်နေသည်မဟုတ်။ သူမတို့မှာ စည်းကမ်း၊ မူဘောင်တွေရှိသည်။ အားလုံးကိုဘောင်ဝင်အောင် လိုက်လုပ်ပေးနေရသည်။ လုပ်ပေးရင်း လုပ်ပေးရင်း အားကုန်လှပြီ။ အမျိုးသားကတော့ ပြောသည်။ မလုပ်ချင်လည်း ထွက်လိုက်တော့ပေါ့တဲ့။ အင်းပါလေ။ အိမ်မှာအေးဆေးနေတာပဲ ကောင်းပါတယ်။

ကိုစိုးကတော့ ဒီအခန်းထဲက လေထုကိုတွက်ဆမိသည်။ တစ်ချက်သန်းဝေလိုက်ပြီး ဖုန်းထုတ် Game ဆော့နေတော့သည်။ ငါ့တာဝန်က သူတို့ခိုင်းတာလုပ်ဖို့၊ သူတို့အချင်းချင်းအဆင်မပြေလို့ ဘာရလဒ်မှမထွက်လာရင်လည်း လစာပုံမှန်ရနေရင်ကျေနပ်တယ်ဟု တွေးသည်။

**ဇာတ်လမ်း (၃)**

ရုံးခန်းထဲတွင် လူ ၃ ယောက်ရှိသည်။

ကိုလွင်တစ်ယောက် အရမ်းအလုပ်ရှုပ်နေသည်။ စာရွက်စာတမ်းပုံထဲ ခေါင်းမြှုပ်နေသည်။ လူကြီးကလည်း ခဏခဏခေါ်သည်။ ဖုန်းကလည်း ခဏခဏမြည်လို့။ လူလည်းမအား၊ ခေါင်းလည်းမအား၊ စိတ်လည်းမအား၊ ယားလို့တောင်မကုပ်အား။ ဒီကောင်တွေငါ့ကိုဝိုင်းကူရင် ရရဲ့သားနဲ့၊ အလကား ဂျေ (Jealous) များနေတဲ့ကောင်တွေလို့ တွေးသည်။ ကူလုပ်ပေးဖို့တော့ မခေါ်ဖြစ်။ ကိုယ်မလုပ်နိုင်ဘူးထင်သွားရင် အလကားသိက္ခာကျသည်လေ။

ကိုမျိုးက လေတိုးတိုးချွန်နေသည်။ အလုပ်ရှုပ်နေသည့် ကိုလွင်ကိုတစ်ချက်လှမ်းကြည့်သည်။ စိတ်ထဲမှာတော့ 'တစ်ရုံးလုံး ဒီကောင်ပဲအလုပ်ရှုပ်နေတယ်။ တာဝန်ခွဲဝေမှုတို့၊ ပူးပေါင်းဆောင်ရွက်မှုတို့ ကြားဖူးရဲ့လားမသိ။ တမိုးလုံးဖျောက်ဆိပ်လုပ်နေတာ' ဟုတွေးသည်။ သွားကူလိုက်ဖို့တော့ စိတ်မကူးမိ။

မသီဂီတစ်ယောက် ဂျာနယ်ကိုဟိုလှန်၊ သည်လှန်လုပ်နေသည်။ ပြီးတော့ ကိုလွင်ကိုလှမ်းကြည့်ပြီး မဲ့ပြုံးပြုံးသည်။ 'Promotion' နားနီးလာပြီဆိုတော့ ကြည့်စမ်း၊ ပြာနေတာပဲ။ လုပ်ပြနေတာ၊ လုပ်ပြနေတာ။ ငါတို့က ဒါမျိုးဆို ဘယ်တော့မှမလုပ်ဘူး' လို့တွေးသည်။ ကိုယ်ကိုယ်တိုင်ကတော့ ရုံးအလုပ်ကိုဘယ်တုန်းက နောက်ဆုံးလုပ်ခဲ့မှန်းမမှတ်မိ။

× × ×

စာဖတ်သူများခဗျာ ဒီနေရာအထိသည်းခံဖတ်ပေးသည့်အတွက် ကျေးဇူးတင်ပါသည်။ စာဖတ်သူများလည်း ဒီဇာတ်လမ်းတွေဖတ်ရင်း စိတ်ညစ်သွားမည်ထင်ပါသည်။ ကျွန်တော်လည်း ပြန်ရေးပြရင်းစိတ်ညစ်နေပါသည်။ ဇာတ်လမ်းထဲက ဇာတ်ကောင်တွေအတွက်တော့ ပိုစိတ်ညစ်စရာကြီးပေါ့ဗျာ။ သူတို့အတွက် အလုပ်ဆိုတာ စိတ်ရှုပ်ထွေးစရာနေရာဖြစ်သည်။ အလုပ်တာဝန်ဆိုတာ ဖိစီးမှုသက်သက်သာဖြစ်သည်။ လုပ်ဖော်ကိုင်ဖက်ဆိုတာမရှိ၊ ပြိုင်ဘက်သာရှိသည်။ ဒီတော့ သူတို့တွေအလုပ်ကိုဘယ်လိုလုပ်ကြမလဲ။ တာဝန်ပြီးမြောက်အောင် ဘယ်လိုထမ်းကြမလဲ။ အဖွဲ့အစည်းပုံစံနဲ့ ဘယ်လိုရှေ့ဆက်ကြမလဲဗျာ။

× × ×

**ဇာတ်လမ်း (၄)**

ရုံးခန်းထဲတွင် လူ ၄ ယောက်ရှိသည်။ အားလုံးပြုံးနေကြသည်။

ဦးမောင်မောင်နှင့်ဦးကိုကိုဦးက တစ်စားပွဲထဲထိုင်လို့ ရင်းရင်းနှီးနှီးပြောနေကြသည်။

'ဗိုလ်မှူးတို့ရဲ့ Supporting ကြောင့် အလုပ်က အောင်အောင်မြင်မြင်ပြီးသွားပြီဗျာ။ ကျေးဇူးပါ'

ဦးကိုကိုဦးက ကျေးဇူးတင်စကားဆိုသည်။

'မလိုပါဘူးဆရာရယ်။ ဆရာတို့က ပညာရှင်တွေပါ။ ကျွန်တော်တို့က Admin ပိုင်းက ဝိုင်းထိန်းပေးရုံပါပဲ'

ဦးမောင်မောင်ကပြန်ပြောသည်။

မသီတာတစ်ယောက် အလုပ်တွေရှုပ်နေဆဲပါ။ ဒါပေမဲ့ လုပ်ရတာ Pressure မရှိတော့။ လုပ်ငန်းသဘောသဘာဝတွေတစ်ယောက်ကိုတစ်ယောက် ရှင်းပြထားကြတော့ တစ်ယောက်နဲ့တစ်ယောက်ပါနားလည်လာသည်။ အထင်အမြင်လွဲတာတွေ မရှိတော့။ အလုပ်လုပ်ရတာ အခက်အခဲမရှိ၊ အခက်အခဲရှိရင်လည်း အားလုံးဝိုင်းဖြေရှင်းကြသည်။ ဒီအလုပ်က မထွက်ဖြစ်တော့ပါ။ လုပ်လာတဲ့နှစ်တွေကြာပြီဆိုတော့ သံယောဇဉ်ရှိပြီ။ အဓိကကတော့ အလုပ်ထဲမှာစိတ်မညစ်ရတော့လို့ပါဘဲ။

ကိုစိုးလည်း ပြေးလိုက်လွှားလိုက်နဲ့အလုပ်လုပ်နေရပြီ။ သူ့ဆရာ၊ ဆရာမတွေ အလုပ်တွေအောင်အောင်မြင်မြင်လုပ်နေတော့ သူလည်းအလုပ်ရှုပ်ပြီပေါ့။ အလုပ်ရှုပ်ပေမဲ့ သူစိတ်ချမ်းသာသည်။ သူ့ဆရာ၊ ဆရာမတွေအလုပ်တအားလုပ်ကြသည်။ သူတို့က အလုပ်ကိုအားထည့်နေရမှ ကျေနပ်ကြသူတွေဖြစ်သည်။ ရာထူးတိုးဖို့ အလုပ်လုပ်နေတာမဟုတ်။ အခွင့်အရေးအတွက် လုပ်နေတာမဟုတ်။ အလုပ်လုပ်ချင်လို့ကို လုပ်နေကြသူတွေဖြစ်သည်။ သူတို့အချင်းချင်းလည်း အပြိုင်အဆိုင်မရှိ၊ ပူးပေါင်းဆောင်ရွက်ကြတော့အောင်မြင်သည်ပေါ့။ ကိုစိုးကတော့



ဒီအခန်းမှာ အလုပ်လုပ်ရတာပျော်နေပြီ။ စာရေးတဲ့သူတစ်ယောက်ယောက်တွေ့ရင် ဒီအကြောင်းတွေ ပြောပြဦးမှလို့တွေးသည်။

× × ×

စာဖတ်သူများခင်ဗျား အပေါ်ကဇာတ်လမ်းတွေဟာ ကိုစိုးပြောပြတဲ့ ဝန်ထမ်းဘဝဇာတ်လမ်းလေးတွေပါ။ မောစရာတွေပါသလို ပြုံးစရာတွေလည်းပါမှာပါ။ ဒေါသထွက်ရသလို အားတက်ရတာတွေလည်းပါမှာပါ။ ဝန်ထမ်းဖြစ်ပြီဆိုမှတော့ အလုပ်လုပ်ရပြီ။ အလုပ်လုပ်ရတော့ အလုပ်ထဲမှာ ပျော်ချင်သည်။ မပျော်ရရင်တောင် ဘယ်သူမှစိတ်မညစ်ချင်ကြ။ ဒီတော့ ဘယ်လိုလုပ်ကြမလဲ။ ကိုစိုးကတော့ ပြောပါသည်။ ပူးပေါင်းဆောင်ရွက်ဖို့လိုသည်။ တစ်ယောက်ကိုတစ်ယောက် လေးလေးစားစားဆက်ဆံဖို့လိုသည်။ တာဝန်ကိုခွဲယူတတ်ဖို့လိုသည်။ အလုပ်တွဲလုပ်တတ်ဖို့လည်း လိုသည်တဲ့။ စာဖတ်သူများကော ဘယ်လိုသဘောရပါသလဲ ခင်ဗျာ။

**ကျော်ကျော်ရှိန်း**

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုဆောင်းပါး

# မြန်မာအမျိုးသမီးလေး မသူဇာ

ဖွားဖွားကြီး ဒေါ်ချိုမာအုန်းတစ်ယောက် ဆယ်ကျော်သက်မြေးမငယ်ကြောင့် ခေါင်းစားရတာအခါခါပေါ့။ သူ့အမေဆုံးပြီးနောက် ဖွားအေကပဲ သားတော်မောင်သူ့အဖေနဲ့နှစ်ယောက်သား ဒီသမီးတစ်ယောက်ကို ထိန်းကျောင်းလာရတာလေ။ ငယ်ငယ်တုန်းကဆုံးမတဲ့အခါတိုင်း-

'ဟုတ်ကဲ့ပါ ဖွားချိုရဲ့၊ သမီးနောက်မဖြစ်စေရပါဘူး။
ဖွားချိုပြောတဲ့အတိုင်း နားထောင်ပါ့မယ်'

ဘယ်သို့ဘယ်ညာနဲ့ လူကြီးကိုစိတ်အေးရအောင် ရိုရိုကျိုးကျိုးနာခံခဲ့တာ၊ ဟော ခုတော့ ဆင်ခြေဆင်လက်နဲ့ ပြန်ပြောတတ်နေပြီ။

ခုပဲကြည့်လေ၊ တိုက်ရဲ့နှစ်ခန်းကျော်က သူ့အခန်းဖော်ပါပဲ။ မောင်ကျော်စွာနဲ့စကားများကြရင်း သတ်ပုတ်ခဲ့ကြတယ်တဲ့။ မောင်ကျော်စွာအမေက သမီးမသူဇာကို လက်ဆွဲခေါ်လာ အကျိုးအကြောင်းပြောပြီး ပြန်သွားပြီ။

'မိသူဇာရယ်၊ ယောကျ်ားလေးနဲ့အပြိုင်ဖက်ပြီး ရန်ဖြစ်ရတယ်လို့၊ ငါ့နှယ် ပြောပဲမပြောချင်ဘူး။ ဖက်နဲ့ဆူးနဲ့-ဖက်ပေါ်ဆူးကျလဲ'

. . . ဖွားအေစကားမဆုံးသေးဘူး။

'ဖွားချိုက လာပြန်ပြီ။ ဒီဖက်နဲ့ဆူးသီအိုရီကြီး-သိပြီးသား၊ သိပြီးသား။ ဖက်ပေါ်ဆူးကျကျ၊ ဆူးပေါ်ဖက်ကျကျ ဖက်ပဲပေါက်တယ်ဆိုတာ သမီးကိုလာကျောလို့တော့ ကျောတဲ့လူအရှုံးပဲ။ သိတယ်မဟုတ်လား ဖွားချို။ သမီးက ကရာတေးခါးပတ်နက်ရထားတာလေ'

ပြောပြောဆိုဆိုသူ့အခန်းထဲဝင်သွားတဲ့မြေးမကို ဖွားချိုက မတားလိုက်နိုင်တော့။ မိန်းကလေးမို့ အရေးအကြောင်းရယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ်ကာကွယ်နိုင်ဖို့ ငယ်ငယ်လေးထဲက ကရာတေးသင်တန်းတွေ နှစ်စဉ်မပြတ်ပို့ပြီး သင်ပေးခဲ့တာမှားများမှားသွားပြီလား။ ခါးပတ်နက်နဲ့ မာန်တက်ပြီး ဖွားအေကိုကြွားနေတာကကော မမောနိုင်၊ မပန်းနိုင်ပါဘဲ။

မြေးမငယ်အတွက် တစ်ဖက်ကစိုးရိမ်စိတ်နဲ့ပြောဆိုနေရပေမယ့် ဖွားချိုမာအုန်းက စိတ်ထဲကသိနေပါတယ်။ သူ့မြေးက ဖအေအတိုင်းတိကျမှန်ကန်တရားမျှတမှုကို အလွန်ကြိုက်တဲ့သူပါ။ သူတစ်ပါးအပေါ် ဘယ်လိုမှမတရားအနိုင်အထက်လုပ်မယ့်သူမဟုတ်ဘူး။ သူကအရင်ရန်စလိုက်တယ်ဆိုတာမျိုးလည်း ငယ်ငယ်ကစခုချိန်ထိမရှိခဲ့ဘူး။ သူ့အပေါ်မတရားဗိုလ်ကျတယ်ဆိုရင်တော့ ဆတ်ဆတ်ထိမခံ၊ သတ္တိကအပြည့်။ ကိုယ့်မြေးကိုကိုယ်အမွှန်းတင်တာမျိုးမဟုတ်ပေမယ့် အမှန်တော့ ဒီမြေးမနဲ့ပတ်သက်ရင် ကောင်းကွက်တွေကများပါတယ်။ သူများတစ်ဖက်သားကို ကူညီချင်တဲ့စိတ်ကလည်း လွန်လွန်းတယ်လို့တောင်ဆိုရမယ်။

မြေးမငယ်က အင်္ဂလိပ်စာတော်တယ်။ ငယ်ငယ်လေးထဲကပဲ သီတင်းကျွတ်ကျောင်းပိတ်ရက်၊ နွေရာသီပိတ်ရက်တွေမှာ ပင်စင်စားဆရာ/ဆရာမကြီးတွေအိမ်ကို ပို့ပြီး အင်္ဂလိပ်စာသင်ခိုင်းတယ်။ ဆရာ/ဆရာမကြီးတွေကလည်း သူတို့တပည့်ရင်းသားနဲ့ချွေးမရဲ့မျိုးဆက်သစ်



လေးမို့ လိုလိုလားလားသင်ပြပေးကြပါတယ်။ ဆုံးသွားတဲ့သူ့အမေကလည်း တက္ကသိုလ်ကအင်္ဂလိပ်စာဌာနမှဆရာမမို့လို့ သမီးတစ်ယောက်ကိုအနီးကပ်သင်ပြပေးတာလည်း ပါလိမ့်မယ်။ ဘာပဲပြောပြော ကံကောင်းတယ်လို့ပဲဆိုရမယ်။

သူတတ်တဲ့ပညာနဲ့ ကူညီချင်လို့ပါဆိုပြီး တိုက်ကကျောင်းသူကျောင်းသားကလေးတွေကို ညနေတိုင်း အင်္ဂလိပ်စာသင်ပေးနေတာလဲ နှစ်အတော်ကြာပြီ။ အင်္ဂလိပ်စာနဲ့ပတ်သက်ပြီး 4 Skills လုံးမှာ ကျွမ်းကျင်မှုအတော်လေးရှိတာကြောင့် ဒီမိုကရေစီလမ်းကြောင်းနဲ့နိုင်ငံကြီးပွင့်လာတဲ့အချိန်မှာ မြေးမငယ်က အသုံးဝင်နေတယ်လို့ဆိုရမယ်။ အရင်ကျောင်းတုန်းကအပြင် လက်ရှိလုပ်အားပေးအနေနဲ့ လုပ်နေတဲ့ဌာနမှာလည်း နိုင်ငံခြားဧည့်သည်တွေ၊ နိုင်ငံခြားအဖွဲ့အစည်းတွေနဲ့ ဆုံတွေ့ရတဲ့ပွဲတွေမှာ အားကိုးရကြောင်း၊ ကြားရတာတွေနဲ့ဖွားချိုပီတိဖြစ်ရတာလည်း များပါပြီ။

ဝတ်စားဆင်ယင်မှုနဲ့ပတ်သက်လို့ ကြိုကြိုတင်တင်သတိပေးမယ့်အဖွားကို သူကပိတ်ပြောလိုက်တဲ့စကားကိုလည်းကြည့်ဦး၊ အာဂမြေးမပါပဲ။

'ဖွားချို၊ သမီးကိုဘာမှစိတ်မပူနဲ့သိလား။ ဉာဏ်ရှိတယ်၊ ဆင်ခြင်တွေးတောတတ်၊ အမှားအမှန်ခွဲတတ်ပြီးသား။ မြန်မာအမျိုးသမီးလေ ဖွားချိုရဲ့။ မြန်မာမှုကိုမြတ်နိုးတယ်။ ဒူးနေရာဒူး၊ ဝတ်သင့်တဲ့နေရာမှာ အလိုက်အထိုက်ခေတ်မီစွာဝတ်မယ်။ ဒါပေမဲ့ ဘယ်တော့မှလျှပ်ပေါ်လော်လီတဲ့ ပုံစံမျိုးမဖြစ်စေရဘူး။ သိက္ခာရှိရှိ မြန်မာ့ယဉ်ကျေးမှုနဲ့ ကိုက်ညီတာကိုပဲလုပ်မယ်။ မြန်မာကိုအထင်သေး၊ ရှုတ်ချစေမယ့်အပြုအမူ ဝတ်စားဆင်ယင်မှုမျိုး တစ်သက်မလုပ်ဘူး'

သူပြောတဲ့အတိုင်းလည်း ဣန္ဒြေရှိရှိဝတ်စားဆင်ယင်တာမို့ စိတ်အေးရတယ်။

မြေးမ မသူဇာအလုပ်က သူငယ်ချင်းများနဲ့တစ်ညအိပ်ခရီးသွားတာကြောင့် ဖွားချိုက မသူဇာအခန်းထဲရှင်းလင်းပေးရင်း စားပွဲပေါ်တင်ထားတဲ့မြေးမရဲ့မှတ်စုစာအုပ်လေးကိုစပ်စုစွာပဲ ဖွင့်ကြည့်လိုက်မိတယ်။ စာအုပ်ကအသစ်မို့ ရေးထားတာတောင်သိပ်မရှိသေးဘူး။ ဖွင့်ဖွင့်ချင်းစာမျက်နှာကိုပဲ ရေးထားတဲ့စာစုလေးက အကောင်းစားလေးပါ။

'It's not fancy hair, gold jewellery or fine clothes.
That should make you beautiful.
Your beauty should come from within.'

တစ်နေရာက ရေးမှတ်ထားတဲ့စာပိုဒ်လေးပဲ။ ဖွားချိုကဘွဲ့မရပေမယ့် ရှေးခေတ်အလယ်တန်းဆိုတော့ အဓိပ္ပာယ်နားလည်တယ်။

'လှပတဲ့ဆံပင်လေးတွေ၊ ရွှေ၊ ငွေ၊ စိန်၊ ကျောက်ရတနာတွေ၊ ဝတ်ကောင်းစားလှတွေက သင့်ကိုလှအောင်လုပ်ပေးမှာမဟုတ်ဘူး။ အလှဆိုတာ အတွင်းစိတ်ကလာရမယ်လေ'

ဆိုတဲ့သဘောပါပဲ။

တော်လိုက်တဲ့မြေးမ၊ ဘယ်ကများတွေ့ထားတဲ့ စာစုလဲ။ စိတ်ထားလှမှသာ လူကလှမယ်ဆိုတာသိနေတာပဲလေ။ မိန်းကလေးတွေအတွက် သိပ်အရေးကြီးတာပေါ့။ နောက်စာရွက်ကိုလှန်လိုက်တော့ စာရွက်ခေါက်လေးကျလာတယ်။ ဖွားချိုအုန်းက စာရွက်ကိုဖွင့်ဖတ်လိုက်တဲ့အခါ ဟောပြောပွဲမှာပြောဖို့ အကြမ်းရေးထားတဲ့စာလေးပါ။

'သူငယ်ချင်းတို့-
မြန်မာအမျိုးသမီးများနေ့ အကြိုဟောပြောပွဲလေးအတွက် သူငယ်ချင်းတို့နဲ့ဆွေးနွေးတိုင်ပင်နိုင်အောင် ဆုံတွေ့ရတာအထူးဝမ်းသာမိတယ်။ ကမ္ဘာနဲ့အဝှမ်း အမျိုးသမီးတွေ ရက်စက်ကြမ်းကြုတ်မှုဒဏ်နဲ့ ဖိနှိပ်ခံကြရတဲ့သတင်းတွေ နေ့စဉ်နဲ့အမျှကြားနေရတယ်။ Media တွေထဲကတစ်ဆင့်လည်း မြင်တွေ့သိနေကြရတော့ အဲဒီသတင်းတွေနဲ့ပဲကို ကျွန်မတို့အားလုံး မြန်မာအမျိုးသမီးဖြစ်ရတာ အလွန်ကံကောင်းတယ်လို့ဆိုရမယ်။
ဒို့မြန်မာအမျိုးသမီးတွေကတော့ အမျိုးသားတွေနဲ့ကိုတန်းတူအခွင့်အရေးရခဲ့တာ ကြာပြီပဲ။ မိသားစုမှာကိုပဲ 'မောင်တစ်ထမ်း မယ်တစ်ရွက်' နဲ့အိမ်ထောင်စုတာဝန်ကို အတူထမ်းခဲ့ကြတာ ယဉ်ကျေးမှုလိုဖြစ်နေပြီ။ သားယောကျ်ားလေးလိုချင်ကြတဲ့ လူ့အသိုင်းအဝိုင်းအချို့မှာ မွေးရမယ့်ကလေးဦးရေကန့်သတ်ချက်ကြောင့် ကိုယ်ဝန်ဆောင်ဘဝမှာပင် သမီးလေးဖြစ်နေရင် ဖျက်ဆီးပစ်တတ်ကြတာသိကြမှာပါ။ ဒါ့အပြင်လည်း အိမ်ထောင်ပြုတဲ့အခါမှာ မိန်းကလေးဘက်က သတို့သားဘက်ကိုပေးရတဲ့ "Dowry" ဆိုတဲ့ ခန်းဝင်ပစ္စည်းတန်ဖိုးတွေကြောင့် သမီးမိန်းကလေးမွေးမှာကိုစိုးထိတ်နေတဲ့ မိသားစုများရှိတဲ့ လူ့အဖွဲ့အစည်းတွေ ယနေ့အထိ အချို့နေရာများမှာ ရှင်သန်နေဆဲပါပဲ။
အထူးသဖြင့် မြန်မာအမျိုးသမီးတွေ စာကိုသင်ယူနိုင်တဲ့အခွင့်အရေးက ဂုဏ်ယူဖို့ကောင်းပါတယ်။ ပါကစ္စတန်နိုင်ငံက ဆယ်ကျော်သက်ရွယ် 'မာလာလာ' ဆိုတဲ့ အမျိုးသမီးငယ်လေးက အမျိုးသမီးငယ်များအတွက် ပညာရေးပေးဖို့တောင်းဆိုလို့ တာလီဘန် (Taliban) တွေက ခေါင်းကိုသေနတ်နဲ့အပစ်ခံရပါတယ်။ ၂၀၁၂ ခုနှစ်ကပါ။ ကံကောင်းစွာနဲ့ အသက်မသေခဲ့ဘူး။ နောက်ပိုင်း ကမ္ဘာ့ကုလသမဂ္ဂမှာမိန့်ခွန်းပြောခဲ့တယ်။ Girls' right to education ခေါ်တဲ့ အမျိုးသမီးငယ်လေးများအတွက် ပညာသင်ကြားနိုင်မယ့်အခွင့်အရေးကို ကမ္ဘာ့နိုင်ငံအများအလေးထားလာစေဖို့ပါ။ ကမ္ဘာကြီးမှာ 'မာလာလာ' လိုပဲ ပညာသင်ယူခွင့်အခွင့်အရေးတွေဆုံးရှုံးနေတဲ့ အမျိုးသမီးငယ်တွေအများအပြားရှိနေတယ်။

(ခ) သို့ -

'အသည်းနှလုံးဆိုတာ ကျွန်မတို့ရဲ့ အနီးစပ်ဆုံးရင်ထဲမှာတည်ရှိပေမယ့် ကျွန်မတို့မပိုင်ဆုံးအရာပဲ။ တစ်ခါတစ်လေ သူ့လှုပ်ရှားမှုတွေ၊ သူ့တောင်းဆိုချက်တွေကို ကျွန်မတို့မထိန်းနိုင်လို့ ဒုက္ခအကြီးအကျယ်ရောက်ခဲ့ရတယ်။ အချစ်ဆိုတာဟာလည်း အသည်းနှလုံးမှာ အလိုအလျောက်ပွင့်တဲ့ပန်းတစ်မျိုးပါပဲ' တဲ့။

ကျွန်မသိပ်ကြိုက်တဲ့ စာရေးဆရာမတစ်ဦးရဲ့ စာအုပ်ထဲကစာသားလေးပါ။ မြေကြီးပမာ ခန္ဓာကိုယ်ရဲ့ အသည်းနှလုံးသစ်ပင်မှာ အချစ်ဆိုတဲ့ပန်းပွင့်လေးဟာ သူပွင့်ချိန်တန်လာတဲ့အခါ ငွားငွားစွင့်စွင့် ပွင့်လာတတ်တာဟာ သဘာဝကျတဲ့အကျိုးတရားတစ်ခုပါ။ အစိုးမရတဲ့နှလုံးသားဆိုတာက ကိုယ်တကယ်မပိုင်လေတော့ ဘယ်လိုအခြေအနေနဲ့ ဘယ်လိုပုံစံမျိုးကိုမှ ရင်ခုန်ရမည်လို့လဲ သတ်မှတ်ခြင်းငှာ မစွမ်းသာပါပဲလားလေ။

လူသားတစ်ယောက်ရယ်လို့ မွေးဖွားလာကတည်းက ရင်ထဲကိုယ်စီမှာ အချစ်ဆိုတာ ပင်စည်အငုတ်ဟောင်းကြီးတစ်ခုအနေနဲ့ ပါလာခဲ့ကြတာပါ။ အငုတ်ဟောင်းကြီးက သူနှစ်သက်ရာ ရေ၊ မြေ၊ လေစတဲ့ သူကြိုက်နှစ်သက်တတ်တဲ့ အရာတွေနဲ့ အညီးညီစွာပေါင်းစပ်မိတဲ့အခါ အချစ်၊ အကိုင်း၊ အခက်၊ အရွက်လေးတွေဟာလည်း ဝေဝေဆာဆာ ပွင့်လန်းလာတတ်ကြတာပါပဲ။ အချစ်နဲ့မကင်းနိုင်ကြသေးတဲ့ ပုထုဇဉ်လူသားတွေအားလုံးလည်း အချစ်ကိုအဓိပ္ပာယ်သတ်မှတ်ပုံချင်းသာ ကွာချင်ကွာမှာ။ အချစ်ဆိုတဲ့အရာကတော့ ဖြစ်ပေါ်ပေါက်ပွားကြမှာပါပဲ။

အချစ်မှာ တူသလိုလိုနဲ့မတူတတ်တဲ့ သဘာဝတစ်ခုကအကြိုက်ပါ။ ကျွန်မတို့တွေရဲ့စိတ်က လှတာမြင်ရင် ကြိုက်တတ်ပါတယ်။ အင်္ဂျီနီယာဖိုင်းအသစ်အဆန်းလေးတွေကို ကြိုက်တတ်သလို၊ ကိုရီးယားမင်းသားမင်းသမီးချောချောလေးတွေကိုမြင်ရင်လည်း ကြိုက်တာပါပဲ။ အဲဒီကြိုက်တာက သူတို့ရဲ့အနုပညာကို ကြိုက်တာဖြစ်သလို၊ ရုပ်ရည်ချောမောလှပခြင်းအပေါ်မှာ တဒင်္ဂသဘောကျသွားမိခြင်းပါ။ နောက်ပြီး ကြိုက်တာဟာပြောင်းလဲတတ်တဲ့သဘောရှိပါတယ်။ ခုတွေ့တာထက် ပိုချောတာတွေ၊ လှတာတွေ ထပ်တွေ့ရင်လည်း ကြိုက်ကြဦးမှာပါ။ ဒါကြောင့်မို့ အကြိုက်ဆိုတာက အပေါ်ယံမြင်တွေ့ရတဲ့ ရုပ်လက္ခဏာရဲ့ လှုပ်ရှားမှုပေါ်မှာပဲ တည်တတ်ပါတယ်။ သူ့မှာ ကိုယ်ကြိုက်ပါတယ်ဆိုတဲ့အချက်တွေ မရှိတော့ရင် အကြိုက်ကနေ မကြိုက်ပြောင်းသွားနိုင်ပါတယ်။ အချစ်ဆိုတာကတော့ နီးစပ်တဲ့နှလုံးသားခံစားချက်ကနေ ပေါက်ဖွားဖြစ်ပေါ်လာခြင်းပါ။ ကိုယ်မကြိုက်တဲ့သူတစ်ယောက်ကို ချစ်ချင်လည်းချစ်သွားနိုင်ပါတယ်။ သူမကြိုက်တာက သူ့ရဲ့အပေါ်ယံအလှအပ၊ လှုပ်ရှားမှုဖြစ်ပြီး သူချစ်သွားတာကတော့ သူတို့တွေရဲ့ နီးစပ်တဲ့နှလုံးသား ခံစားချက်တွေကြောင့်ပါ။

'ဉပါဒါန်၏သားကောင်ဖြစ်သော အချစ်နှလုံးသားပိုင်ရှင်လူသားတစ်ယောက်ကို မည်သည့်တန်ခိုးရှင်ပင်ဖြစ်စေ၊ အချစ်အတွက် အစားထိုးခြင်းအမှုကို ပြုလုပ်နိုင်တော့မည်မထင်ပါ။ မထင်ရဲတော့ခြင်းကို ဆိုလိုပါသည်။ အချစ်၏သစ္စာဆိုသည်မှာ ထိုသဘောပင်။ စိတ်ဖြစ်အချစ်ကို ရုပ်ဖြစ် တဏှာဖြင့်ဖြစ်စေ၊ တခြားပြုစုယုယမှုတွေဖြစ်စေ အစားထိုး၍လည်းမရ၊ ပြောင်းလဲအောင်ပြု၍လည်းမရ။ ထိုစိတ်သည် အပေါ်ယံအသိစိတ်လည်းမဟုတ်၊ အာရုံသိစိတ်လည်းမဟုတ်၊ ဘဝင်စိတ်မျိုး၊ အတွင်းသိစိတ်မျိုးဖြစ်သည်' တဲ့။

စာရေးဆရာတစ်ယောက်က သူ့ရဲ့ချစ်သူကိုစွန့်လွှတ်ပြီး၊ တခြားမိန်းမတစ်ယောက်ကို လက်ထပ်လိုက်ပြီးကာမှ သူ့ရဲ့ရင်ထဲက နှလုံးသားရဲ့ဒဏ်ခတ်ခြင်းကို ခံရခြင်း၊ နောင်တရခြင်းတွေနဲ့အတူ ရေးသားထားတဲ့စာသားလေးပါ။ နောက်ကျမှ သိခွင့်ရခဲ့တဲ့ ချစ်ခြင်းတရားတွေကြောင့်ပဲ၊ တစ်ဦးနဲ့တစ်ဦး နားလည်မှုမရှိတဲ့ အိမ်ထောင်ရေးဘဝတစ်ခုကို တည်ဆောက်မိရင်ဖြင့် သာယာချမ်းမြေ့မှုရှိတဲ့ ဘဝတစ်ခုကို ဘယ်လိုမှတည်ဆောက်နိုင်မှာ မဟုတ်ပါဘူး။ နီးစပ်ခြင်းဟာ ယောကျ်ားတွေအတွက် အန္တရာယ်ပါပဲ။ နီးစပ်မှုတွေကို မလွန်ဆန်နိုင်လို့ ချစ်သူတွေကို စွန့်လွှတ်ရတဲ့ ယောကျ်ားတွေရဲ့ ပုံပြင်တွေက အများကြီးပါပဲ။ ဒါကြောင့်မို့ 'ချစ်တိုင်းလည်းမညား၊ ညားတိုင်းလည်းမချစ်' ဆိုတဲ့ စကားပုံပေါ်လာတယ်ထင်ပါရဲ့။




ကျွန်မတို့ ဗုဒ္ဓဘာသာဝင်တွေမှာ 'ပါရမီဖြည့်ဘက်' ဆိုတဲ့ စကားလုံးလေးရှိပါတယ်။ မြင့်မြတ်သူဖြစ်ကြောင်း အလုပ်တွေကိုလုပ်ရာမှာ ကူညီဖော်၊ အတူတူပြုလုပ်တဲ့သူကိုခေါ်ပါတယ်။ ဗုဒ္ဓမြတ်စွာဘုရားဖြစ်တော်မူသည်အထိ ကြီးမားသောချစ်ခြင်းတရားတွေနဲ့ ပါရမီဖြည့်ခဲ့ရှာတဲ့ ယသော်ဓရာမင်းသမီး၏ ဘဝခရီးလျှောက်လှမ်းမှုကလည်း အင်မတန်မှ ကြည်ညိုဖွယ်၊ လေးစားအတုယူဖွယ်ကောင်းလှပါတယ်။ ယသော်ဓရာမင်းသမီးလေးဟာ ဒီပင်္ကရာမြတ်စွာဘုရားလက်ထက်မှသည် ဂေါတမမြတ်စွာဘုရားအဖြစ် ရောက်တော်မူသည်အထိ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းကာလပတ်လုံး ဖဝါးထပ်ချပ်လိုက်ပါ၍ တွန့်တိုဆုတ်နစ်ခြင်းကင်းသော ချစ်ခြင်းတရားတွေနှင့် မည်သို့သောအကြောင်းနှင့်ကြုံလာပါစေ၊ မပျက်ပြယ်သော အချစ်တရားတွေနဲ့ စိတ်နှစ်ခွမရှိပါဘဲ ပါရမီဖြည့်ခဲ့ရှာတဲ့သူဖြစ်ပါတယ်။ ရှေးရေစက်ကံအကြောင်းတရားတွေကြောင့် တွေ့ဆုံပေါင်းဖက်ခွင့်ရကြတဲ့သူတွေအနေနဲ့လည်း တစ်ဦးအပေါ်တစ်ဦး နားလည်မှုရှိစွာ၊ သစ္စာရှိစွာနဲ့ ပေါင်းဖက်ကြရင်း ကောင်းမှုကုသိုလ်တရားတွေကို စိတ်တူကိုယ်တူလုပ်ကြမယ်ဆိုရင်ဖြင့် လူဖြစ်ရတဲ့ခဏတာဘဝဟာ အရတော်လှတယ်လို့ ပြောရမှာပါပဲ။ တစ်ယောက်တည်းနဲ့မဖြစ်တဲ့ ကုသိုလ်တရားတွေကို နှစ်ယောက်ဘဝမှာလုပ်ဖြစ်အောင် ကြိုးစားသင့်ပါတယ်။ တစ်ယောက်တည်းတုန်းက မဖြစ်တဲ့အကုသိုလ်တွေ နှစ်ယောက်ဘဝကျမှဖြစ်လာရင်တော့ မဟုတ်သေးပါဘူး။ ကိုယ့်ရဲ့အချစ်ကလည်း သူ့ကိုကောင်းစေရမှာဖြစ်သလို သူ့ရဲ့အချစ်ကလည်း ကိုယ့်ကိုကောင်းတဲ့ဘဝရောက်အောင် တွန်းပို့နိုင်ခဲ့ရင်တော့ အကောင်းဆုံးပါပဲ။ ကိုယ်ချစ်တဲ့သူနဲ့ ဘဝခရီးလမ်းကို ပျော်ရွှင်စွာ လျှောက်လှမ်းရင်း ပါရမီဖြည့်တဲ့ ကောင်းမှုကုသိုလ်တရားတွေသာ တိုးပွားအောင် လုပ်ဆောင်သင့်ပါတယ်။

Love is not only something you feel, It's something you do. ချစ်ခြင်းဆိုတာ ခံစားမှုတစ်ခုတည်းမဟုတ်ပါဘူး။ သင်ပြုမူလုပ်ဆောင်မှုလည်း ပါဝင်ပါတယ်တဲ့။ ဟုတ်ပါတယ်။ အချစ်ဆိုတာ ခံစားချက်တစ်ခုတည်းဖြစ်တည်နေရုံနဲ့တော့ မလုံလောက်ပါဘူး။ ကိုယ်ချစ်တဲ့သူအတွက် ကောင်းကျိုးဖြစ်စေမှာတွေ၊ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာနဲ့ အောင်မြင်တဲ့ဘဝတွေကို ပိုင်ဆိုင်နိုင်ဖို့အတွက် ကိုယ်တတ်နိုင်သလောက် ဖြည့်ဆည်းကူညီဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ဒါမှလည်း တစ်ဦးပေါ်တစ်ဦး ဖြူစင်မြင့်မြတ်တဲ့စေတနာ၊ မေတ္တာတွေထားကြရင်းနဲ့ခိုင်မာတဲ့ ချစ်ခြင်းတရားတွေကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ အချစ်ဆိုတာ သစ်ပင်လေးတစ်ပင်ဖြစ်ခဲ့ရင် အဲဒီသစ်ပင်လေးကိုရှင်သန်ကြီးထွားအောင် ရေလောင်း၊ ပေါင်းသင်၊ မြေဩဇာကျွေးလုပ်ပေးရင်းနဲ့ ပြုစုပျိုးထောင်ပေးရမှာဖြစ်ပါတယ်။ ဒါမှလည်း အဲဒီအချစ်သစ်ပင်လေးဟာ ရေရှည်ရှင်သန်ကြီးထွားနိုင်မှာဖြစ်ပါတယ်။ သစ်ပင်လေးကို စိုက်တော့စိုက်ထားပါရဲ့၊ ဂရုမစိုက်မပြုစုဘဲ ထားခဲ့ရင်တော့ အဲဒီသစ်ပင်လေးက ဘယ်မှာလာ ရှင်သန်နိုင်ပါတော့ မလဲလေ။

လူ့ဘဝခရီးကိုလျှောက်လှမ်းရတဲ့အခါ အချစ်ဆိုတဲ့မြို့ကလေးကို ကျွန်မတို့တွေ အားလုံးဖြတ်သန်းကြရဦးမှာပါ။ အဲဒီမြို့ကလေးမှာ သန့်ရှင်းဖြူစင်မြင့်မြတ်တဲ့ ချစ်ခြင်းတရားတွေ တွေ့ရှိပြီး၊ အချစ်ကိုအရင်းပြုလို့ မြင့်သထက်မြင့်တဲ့ဘဝလှေကားများစွာကို တက်လှမ်းနိုင်မယ်ဆိုရင်ဖြင့် အချစ်ဆိုတာ အပြစ်ဆိုဖွယ်ရာမရှိတဲ့ ပန်းလေးတစ်ပွင့်ဖြစ်လို့နေမှာတော့ အမှန်ပဲမဟုတ်ပါလားရှင်။

**(က) မှ -**

ဆင်းရဲချမ်းသာကွာဟချက်တွေကို အကျဉ်းဆုံးဖြစ်အောင် လုပ်ပေးနိုင်တဲ့လက်နက်က 'ပညာရေး' (Education) ပဲလို့ ပညာရှင်အများကပြောကြတာရှိတယ်။ ပညာတတ်မှသာ မျိုးဆက်အဆင့်ဆင့်အတွင်း ဖြစ်တည်ရှိတတ်တဲ့ Poverty Cycle ဆင်းရဲမှုစက်ဝန်းအတွင်းက လွတ်မြောက်နိုင်မယ်။ ကျွန်မတို့တတွေက မြန်မာအမျိုးသမီးများအနေနဲ့ ပညာသင်ယူခွင့်ကိုရကြတယ်။ မြန်မာအမျိုးသမီးဖြစ်ရတဲ့အတွက် ဂုဏ်ယူစရာတွေက အများကြီးရှိပါတယ်။ ကျွန်မတို့ကလည်း ကျွန်မတို့နိုင်ငံတော်ကြီးတိုးတက်စေဖို့အတွက် တတ်နိုင်တဲ့နည်းတွေနဲ့ ကျေးဇူးပြုရမယ်။ နိုင်ငံ့အကျိုးကိုမျှော်ကိုးပြီး၊ အုတ်တစ်ချပ် သဲတစ်ပွင့်၊ ဘယ်ထောင့်ကပဲဖြစ်ဖြစ် ကူညီပံ့ပိုးထောက်ကူပြုဖို့ အားထည့်ကြိုးပမ်းရမယ်။ ကျွန်မတို့နိုင်ငံအတွက် ဘာတွေအကျိုးပြုနိုင်သလဲဆိုတာ စဉ်းစားကြည့်လိုက်ရအောင်. . . . . '

စာပိုဒ်က ဒီမှာတင်ဆုံးသွားပြီ။ နောက်ထပ်ဆက်ရေးဖို့တွေ ကျန်သေးတာ၊ ဖွားချိုအုန်းကတော့ ဒီမှာတင်သူ့မြေးမအပေါ် အထင်ကြီးသွားပြီ။ နိုင်ငံအတွက်ကောင်းကျိုးတွေ ယူဆောင်ပေးမယ့် 'မြန်မာအမျိုးသမီးလေး မသူဇာ' ပဲ။

ဒီထက်တော့ နောက်များဘယ်တော့မှစိတ်မပူတော့ဘူး. . . . . ။

ဖွားချိုအုန်းတစ်ယောက် ခေါင်းတညိတ်ညိတ်နဲ့ ကြည်နူးမိနေလေရဲ့။

**အေးဖြူ**

## အစိမ်းရောင်မေးခွန်းများ (၃)

မေး - စွမ်းအင်စီမံခန့်ခွဲခြင်းဆိုတာ ဘာလဲ။

ဖြေ - စွမ်းအင်ကို အကျိုးအရှိဆုံးဖြစ်အောင် ဝယ်ယူခြင်း၊ အသုံးပြုခြင်း၊ ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင်လုပ်ခြင်း၊ အသင့်လျော်ဆုံးနည်းလမ်းကို အသုံးပြုခြင်းစတာတွေဟာ စွမ်းအင်စီမံခန့်ခွဲခြင်းပါပဲ။

မေး - စွမ်းအင်ကို စီမံခန့်ခွဲလို့ရသလား။

ဖြေ - ရပါတယ်။ စွမ်းအင်ဟာအရင်းအမြစ်တစ်မျိုးပဲမို့ တခြားအရင်းအမြစ်တွေလိုပဲ စီမံခန့်ခွဲဖို့လိုအပ်ပါတယ်။

မေး - ဘာလို့ စွမ်းအင်စီမံခန့်ခွဲဖို့လိုအပ်သလဲ။

ဖြေ - စွမ်းအင်စီမံခန့်ခွဲဖို့ လိုအပ်တဲ့အချက်တွေ အများကြီးရှိပါတယ်။

(၁)စွမ်းအင်ကုန်ကျစရိတ်ကဌာန၊ အဖွဲ့အစည်းရဲ့အမြတ်အစွန်းကို ထိခိုက်နေနိုင်ပါတယ်။

(၂)ဈေးကွက်မှာ ယှဉ်ပြိုင်နိုင်စွမ်းအပေါ်မှာလည်း စွမ်းအင်ကုန်ကျစရိတ်က သက်ရောက်မှုရှိပါတယ်။

(၃)နိုင်ငံအတွက် စွမ်းအင်ရရှိနိုင်မှု၊ စွမ်းအင်အသုံးပြုမှုက အရမ်းအရေးကြီးပါတယ်။

(၄)နိုင်ငံရဲ့ကုန်သွယ်ရေးနဲ့ ဘဏ္ဍာငွေကြေးဆိုင်ရာတွေအပေါ်မှာလည်း သက်ရောက်မှုရှိပါတယ်။

(၅)စွမ်းအင်သုံးစွဲမှုကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် လုပ်ဖို့ လိုအပ်လာပါတယ်။


(၆)စွမ်းအင်ဆုံးရှုံးမှု၊ လေလွင့်မှုတို့ကို ထိန်းချုပ်ဖို့အတွက်လည်း လိုပါတယ်။

(၇)ထုတ်လုပ်နိုင်မှုစွမ်းအားနဲ့ အရည်အသွေးထိန်းသိမ်းရေးအတွက်လည်း လိုပါတယ်။

(၈)ဝန်ထမ်းတွေရဲ့ အလုပ်အကိုင်နဲ့ကျန်းမာရေးအတွက်လည်း စွမ်းအင်စီမံခန့်ခွဲမှုက အရေးကြီးပါတယ်။

မေး - စွမ်းအင်ကို ဘယ်လိုစီမံခန့်ခွဲသလဲ။

ဖြေ - အဓိကအဆင့်တွေသတ်မှတ်ပြီး စွမ်းအင်ကိုစီမံခန့်ခွဲပါတယ်။ ခွဲခြားထားတဲ့ အဆင့်တွေကိုတော့ ပုံလေးမှာတွေ့နိုင်ပါတယ်။




ကျော်စည်သူ

## ကမ္ဘောဒီးယားနိုင်ငံတွင် ကျောင်းသားဟောင်းများတွေ့ဆုံပွဲတက်



ဂျာမနီအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ {Deutsche Gesellschaft fur Internationale Zusammenarbeit (GIZ) GmbH)} ကကြီးမှူး၍




ကမ္ဘောဒီးယားနိုင်ငံတွင် ဇွန်လ ၁၂ ရက်နေ့မှ ၁၅ ရက်နေ့အထိကျင်းပပြုလုပ်ခဲ့သည့် ဂျာမနီအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၏အထောက်အပံ့ဖြင့် အာဆီယံဒေသအတွင်းပညာသင်ကြားခဲ့သော ကျောင်းသားဟောင်းများတွေ့ဆုံပွဲသို့ စက်မှုဝန်ကြီးဌာန၊ စက်မှုညွှန်ကြားရေးဦးစီးဌာနမှ ဒု/လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းထွန်း၊ အမှတ် (၁) စက်မှုသင်တန်းကျောင်း (ဆင်တဲ) မှ ဒုတိယကျောင်းအုပ် ဦးအောင်နိုင်မိုးနှင့် အမှတ် (၆) စက်မှုသင်တန်းကျောင်း (မြင်းခြံ) မှ နည်းပြအရာရှိ ဒေါ်မျိုးမျိုးသက်တို့ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

**ကျွန်ုပ်တို့သည် ပြည်သူ၏အခွန်အတုတ်များမှ လစာစားနေကြသည့် ပြည်သူ့ဝန်ထမ်း (Public Servant) များဖြစ်သည်ကို အမြဲမမေ့အပ်ပါ။**

## စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင် ဆေးဝါးထုတ်လုပ်မှုစက်ရုံများလေ့လာရန် ဂျာမနီနိုင်ငံသို့သွားရောက်ခဲ့

ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ စီးပွားရေးနှင့်စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ပစီးပွားရေးမူဝါဒဌာန ညွှန်ကြားရေးမှူးချုပ်၏ဖိတ်ကြားချက်အရ ဆေးဝါးထုတ်လုပ်မှုစက်ရုံများအားလေ့လာရန် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်နှင့်အဖွဲ့သည် ဇွန်လ ၉ ရက်နေ့မှ ၁၈ ရက်နေ့အထိ ဂျာမနီနိုင်ငံသို့ သွားရောက်လေ့လာခဲ့ကြောင်းသတင်းရရှိသည်။

## အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) အမှတ်စဉ် (၄) သင်တန်းဆင်း သင်တန်းဆင်းများအလုပ်အကိုင်ရရှိရေးဆောင်ရွက်ပေးလျက်ရှိ

စက်မှုဝန်ကြီးဌာန၊ စက်မှုညွှန်ကြားရေးဦးစီးဌာနကြီးကြပ်မှုအောက်ရှိ လူ့စွမ်းအားအရင်းအမြစ်ဌာနသည် နိုင်ငံတော်၏စက်မှုကဏ္ဍဖွံ့ဖြိုးရေးနှင့် လူငယ်များအလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးအတွက် စက်မှုကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရေးရည်ရွယ်ချက်ဖြင့် စက်မှုသင်တန်းကျောင်း ၆ ခုဖွင့်လှစ်၍ လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍအားမြှင့်တင်ပေးလျက်ရှိရာ အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) ၏ အမှတ်စဉ် (၄) သင်တန်းဆင်းပွဲအခမ်းအနားကို ဇွန်လ ၁၃ ရက်နေ့ နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့သည်။




သင်တန်းဆင်းပွဲအခမ်းအနားသို့ စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသွင်မြင့်မောင်တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး ထူးချွန်သင်တန်းသား/သူများအား ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။ သင်တန်းဆင်းပွဲအခမ်းအနားသို့ ပခုက္ကူမြို့ပေါ်ရှိဌာနဆိုင်ရာများ၊ စက်ရုံမှူးများ၊ ကျောင်းအုပ်ကြီးများနှင့်သင်တန်းကျောင်းမှ ဆရာ/ဆရာမများ၊ သင်တန်းဆင်းသင်တန်းသား/သူများနှင့် ၎င်းတို့၏မိဘဆွေမျိုးများ တက်ရောက်ခဲ့ကြသည်။

သင်တန်းကျောင်းမှ စက်မှုဘာသာရပ် ၇ မျိုးဖြင့် သင်တန်းသား/သူ ၁၄၆ ဦးအား သင်တန်းဆင်းအောင်လက်မှတ်များချီးမြှင့်ပေးခဲ့ပြီး သင်တန်းဆင်းများ၏အလုပ်အကိုင်ရရှိရေးအတွက် ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များ၊ ကုမ္ပဏီများဖြင့် ဆက်သွယ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ယင်းကျောင်း၏အမှတ်စဉ် (၅) သင်တန်းအား ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းကာလ ၁ နှစ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

## စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံတွင်ဆွေးနွေးပွဲတက်ရောက်

စက်မှုဝန်ကြီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CATIC Beijing Co., Ltd နှင့်ပူးပေါင်း၍ ကုန်တင်မော်တော်ယာဉ်ဘီးဝင်ရိုးထုတ်လုပ်မှုစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိရာ စီမံကိန်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေးရန် ဇွန်လ ၁၉ ရက်နေ့မှ ၂၅ ရက်နေ့အထိ ဒုတိယဝန်ကြီး ဦးမျိုးအောင်ဦးဆောင်၍ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းမှ ညွှန်ကြားရေးမှူး ဦးကံချွန်၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူး (ဒုတိယရုံး အဖွဲ့မှူး) ဦးမိုးဆွေ၊ အမှတ် (၁၁) အကြီးစားစက်ရုံ (ရန်ကုန်) မှ ဒုတိယအထွေထွေမန်နေဂျာ ဦးမြကြိုင်၊ အမှတ် (၁၃) အကြီးစားစက်ရုံ (မကွေး) မှ ဒုတိယအထွေထွေမန်နေဂျာ ဦးအောင်မျိုးခိုင်နှင့် စက်မှုညွှန်ကြားရေးဦးစီးဌာနမှ ဌာနခွဲမှူး ဦးကျော်မိုးနိုင်တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။

## စိုက်ပျိုးရေးထွက်ကုန်များ နိုင်ငံတကာအဆင့်မီအရည်အသွေးပြည့်ဝစွာဖြင့် ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရေးအလုပ်ရုံဆွေးနွေးပွဲပြုလုပ်

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဌာနသည် မြန်မာနိုင်ငံ၏စိုက်ပျိုးရေးထွက်



ကုန်များ နိုင်ငံခြားဈေးကွက်သို့တင်ပို့ရာတွင် သက်ဆိုင်ရာနိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များကို သိရှိနားလည်စေရန်နှင့် နိုင်ငံတကာအဆင့်မီအရည်အသွေးပြည့်ဝစွာဖြင့် ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်စေရန်ရည်ရွယ်၍ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ TUEV Rheinland/ Fritz Werner Industrie တို့ပူးပေါင်းကာ "The Standardization and Technical Know-how Transfer for Agro-based Products Workshop" ကို ဇွန်လ ၁၀ ရက်နေ့မှ ၁၁ ရက်နေ့အထိ ရန်ကုန်မြို့ရှိ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဌာနတွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် စိုက်ပျိုးရေးထွက်ကုန်များ၏အရည်အသွေး၊ စံသတ်မှတ်ချက်များနှင့်ပတ်သက်သည့် ဗဟုသုတများရရှိစေရန်၊ အာဆီယံနိုင်ငံနှင့်အခြား EU နိုင်ငံများ၏ Standardization and Certification နှင့်ပတ်သက်သည့်အတွေ့အကြုံကောင်းများ မျှဝေပေးနိုင်ရန်၊ အရည်အသွေးတိုးတက်စေရန်၊ နည်းပညာလိုအပ်ချက်များအကြောင်း သိရှိနိုင်စေရန်၊ စိုက်ပျိုးရေးထွက်ကုန်များမှတစ်ဆင့် ရရှိလာသော Diversification Product များအကြောင်း သိရှိနိုင်စေရန်၊ စိုက်ပျိုးသူနှင့်ထုတ်လုပ်သူတို့အချင်းချင်း ချိတ်ဆက်မှုများမှအတွေ့အကြုံဖလှယ်ခြင်းဖြင့် အထောက်အပံ့ကောင်းများရရှိစေရန်တို့ကိုရည်ရွယ်၍ ဘာသာရပ်ကျွမ်းကျင်ပညာရှင်များက ဆွေးနွေးပို့ချခဲ့ပြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်က အဖွင့်အမှာစကားပြောကြားကြောင်းသိရသည်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား ဂျပန်နိုင်ငံ Global Automobile Marketing Co., Ltd. မှ ကိုယ်စားလှယ်အဖွဲ့လာရောက်တွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား ဂျပန်နိုင်ငံ Global Automobile Marketing Co.,Ltd. မှ Executive General Manager ဖြစ်သူ Mr. Kinji SAITO ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇွန်လ ၁၈ ရက်နေ့ နေ့လယ် ၁ နာရီတွင် နေပြည်တော်၊ ရုံးအမှတ် (၃၀) ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၌ မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ တိုးချဲ့လုပ်ကိုင်နိုင်မည့်အခွင့်အလမ်းများ၊ မော်တော်ယာဉ်အသစ်များ ထုတ်လုပ်ရာတွင် မြန်မာနိုင်ငံ၏ Nature နှင့်ကိုက်ညီသည့် Design များထုတ်လုပ်နိုင်ရေးစသည်တို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စက်မှုဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်းသတင်းရရှိသည်။



**မျက်နှာဖုံးမှ -**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဂျာမနီနိုင်ငံ၊ German Agency for International Cooperation (GIZ) မှ Head of Programme Ms. Irina Scheffmann ဦးဆောင်သောအဖွဲ့အား ဇွန်လ ၁၈ ရက်နေ့ ညနေ ၅ နာရီတွင် ဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် TVET Project နှင့် ပတ်သက်၍ပူးပေါင်းဆောင်ရွက်မှုများအား ဆွေးနွေးကြသည်။ဆွေးနွေးပွဲသို့ တာဝန်ရှိသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။

# စက်မှုဝန်ကြီး ဦးမောင်မြင့်အား ဂျပန်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့လာရောက်တွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား ဂျပန်နိုင်ငံ Marubeni Corporation Tokyo Head Office မှ General Manager ဖြစ်သူ Mr. Tetsuro Terasaka ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ဇွန်လ ၁၈ ရက်နေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်၊ ရုံးအမှတ် (၃၀) ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မွန်ပြည်နယ်၊ သထုံမြို့၌တည်ဆောက်မည့် Caustic Soda စက်ရုံတွင် Caustic Soda များနှင့် Polyvinyl Chloride (PVC) များထုတ်လုပ်ရာ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအဆင့်ဆင့်တို့ကို အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စက်မှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိဦးစီးဌာန၊ လုပ်ငန်းများမှတာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**RESOURCES ARE LIMITED**

**CREATIVITY IS UNLIMITED**

# အမှတ် (၁၁) အကြီးစားစက်ရုံ (ရန်ကုန်) မှ ကွန်တိန်နာမော်တော်ယာဉ်ထုတ်လုပ်

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား ဇွန်လ ၈ ရက်နေ့ နံနက်ပိုင်းတွင် အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၁၁) အကြီးစားစက်ရုံ (ရန်ကုန်) စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံအထွေထွေမန်နေဂျာ ဦးမျိုးချို က စက်ရုံတွင်ဆောင်ရွက်လျက်ရှိသည့် ကုန်တင်မော်တော်ယာဉ်ထုတ်လုပ်မှုစီမံကိန်းနှင့်ပတ်သက်၍ ဆောက်လုပ်ရေးလုပ်ငန်းများပြီးစီးမှု၊ စက်များတပ်ဆင်ပြီးစီးမှုနှင့် စက်မှုဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် ထုတ်ကုန်ဆိုင်ရာအသိပညာဗဟုသုတနှင့် စက်ပစ္စည်းပြင်ဆင်မှုဆိုင်ရာ သင်တန်းများပို့ချမည့် Mobile Education Team အဖွဲ့များ အသုံးပြုနိုင်ရန် ကွန်တိန်နာမော်တော်ယာဉ်ထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးသောင်းက လုပ်ငန်းနှင့်ပတ်သက်သည့် အချက်အလက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ပြည်ထောင်စုဝန်ကြီးက စက်တပ်ဆင်မှုလုပ်ငန်းများ သတ်မှတ်ချိန်အမီပြီးစီးရေး၊ စီမံကိန်းပြီးစီးပါက ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်စေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရေး၊ ထုတ်ကုန်ပစ္စည်းများအား ဈေးကွက်တွင်ယှဉ်ပြိုင်ရောင်းချနိုင်ရေး၊ ထုတ်လုပ်မှုကုန်ကျစရိတ်များ လျှော့ချနိုင်ရေး၊ အရည်အသွေးနှင့် စံချိန်စံနှုန်းများ ပြည့်မီစေရေး၊ ကုန်ချောလက်ကျန်ပမာဏ လျှော့ချနိုင်ရေးနှင့် လုပ်ငန်းများဆက်လက်ရှင်သန်ရပ်တည်နိုင်ရန် တာဝန်ရှိသူအဆင့်ဆင့်ကအားထုတ်ကြိုးပမ်းဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ လိုအပ်ချက်များကိုမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စီမံကိန်းလုပ်ငန်းခွင်အတွင်း စက်တပ်ဆင်သည့်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ တပ်ဆင်ပြီးစက်များအား စမ်းသပ်မှုအခြေအနေနှင့် Container မော်တော်ယာဉ်ထုတ်လုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**QUALITY IS A**

**NEVER ENDING JOURNEY**

# စက်မှုဝန်ကြီး ဦးမောင်မြင့်အား ကိုရီးယားဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား ကိုရီးယားနိုင်ငံ၊ ဆိုး(လ်)မြို့အခြေစိုက် HANBADA Corporation မှ Senior Mangaging Director Mr. Kim Jeong Whan ဦးဆောင်သောအဖွဲ့သည် ဇွန်လ ၁၉ ရက်နေ့ နံနက် ၁၀ နာရီခွဲတွင် ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် စက်မှုဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးကြသည်။ ဆွေးနွေးပွဲသို့ တာဝန်ရှိသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။

# အမှတ် (၁) ဆေးဝါးစက်ရုံ (ရန်ကုန်)




Tel : +95-01-646273
Fax : +95-01-646285
e-mail : gm.mpf@mptmail.net.mm
Adress : No.(1) Pharmaceutical Factory (Yangon) Gyogon, Insein P.O, Yangon, Myanmar.



Viper Antivenom Sheep (Ovine) (Liquid)




Viper Antivenom (Liquid)




Viper Antivenom (Freeze-Dried)




Cobra Antivenom (Liquid)




Cobra Antivenom (Freeze-Dried)




Gentamicin Injection




Benzyl Penicillin Injection



Fortified Procaine Penicillin



Streptomycin Injection

